ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (13-2-2004) (၄၁၄၅)

ဓမ္မစရိယာ စ
တေံ မင်္ဂလ မုတ္တမံ။

ကောင်းမြတ်သော သုစရိုက်တရားတို့ကို ကျင့်ခြင်း သည် မြတ်သော မင်္ဂလာမည်၏။

## ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## အထူးအစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်

အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းပကားဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာမှုလွယ်ကူပြီး တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှုများကာ ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဆက်သွယ်ရေးနည်းစနစ်များ ခေတ်မီတိုးတက်ရေးတို့ကို နိုင်ငံတော်က အထူးအစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၆)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံလမ်း သမ္မတအိမ်တော်ဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ကျင်းပသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ညနေ ၆နာရီခွဲတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပသည့် ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်ဝင်းသို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❀

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၃-၂-၂၀၀၄
(သောကြာနေ့)

## ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေး တိုင်းရင်းသားပြည်သူအားလုံး မမိုတ်မသုန် ဦးတည်ကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် သွေးချင်းသားချင်း ညီနောင်ရင်းများဖြစ်သော ပြည်ထောင်စုတိုင်းရင်းသား လူမျိုးတစ်ရာကျော်တို့သည် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် တစည်းတလုံးတည်း ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းယှက်နွယ် နေထိုင်လာခဲ့ကြသည်မှာ သမိုင်းဦးခေတ်မှသည် ယနေ့ထက်တိုင်ဖြစ်သည်။

မြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ဝင့်ဝင့်ထည်ထည် ရပ်တည် နေထိုင်လာခဲ့သော နိုင်ငံဖြစ်သည်။ ၁၉ ရာစုနှစ်များအတွင်း ကျူးကျော်လိုသူ နယ်ချဲ့ဝါဒီတို့က ခေတ်မီလက်နက်အားကိုးဖြင့် ကမ္ဘာတစ်လွှား နယ်ပယ်ချဲ့ထွင်ခဲ့ကြရာ မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ သိမ်းပိုက်စိုးမိုးမှုကို ခံခဲ့ရဖူးသည်။

မြန်မာတိုင်းရင်းသားများက နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေး ပြန်လည်ရရှိစေရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲဝင်နေဆဲကာလ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် အမိပင်လုံမြေ၌ တိုင်းရင်းသားခေါင်းဆောင်များက တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်ခိုင်မာမာပြသနိုင်ခဲ့ကြသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံအဖြစ် ဝင့်ဝင့်ထည်ထည် ပြန်လည်ရပ်တည်နိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံရေးအဓိပ္ပာယ် လေးနက်ပြည့်စုံသည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ်သတ်မှတ်၍ နှစ်စဉ် ပြည်ထောင်စုနေ့ အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပြီး ထည်ထည်ဝါဝါ ကျင်းပလျက်ရှိသည်။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သဝဏ်လွှာပေးပို့ရာတွင် **နိုင်ငံတော်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မမိုတ်မသုန် ဦးတည်ချီတက်ကြရမည့် ခရီးလမ်းပင်ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသော တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထိုခရီးလမ်းတစ်လျှောက် တည့်မတ်ဖြောင့်ဖြူးစွာ လျှောက်လှမ်းကြရန်ဖြစ်ပါသည်** ဟူ၍ ဖော်ပြထားသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကိုချမှတ်ကာ တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မာစေရန် ကြိုးပမ်းတည်ဆောက်ခဲ့သည်။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြသည်။ ကျန်ရှိနေသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ဥပဒေဘောင်အတွင်း ဝင်ရောက်ရေးကို နိုင်ငံတော်က နွေးထွေးပျူငှာစွာ လက်ကမ်းကြိုဆိုလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးကို နိုင်ငံရေး ဦးတည်ချက်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်စေရေး ကြိုးပမ်းလျက်ရှိရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ရိုးရှင်းပွင့်လင်းစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်သည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်သည် နိုင်ငံတော်ရှေ့ဆက်သွားမည့် အနာဂတ်၏ ခရီးလမ်းကြောင်းကို အမျိုးသားရေးအမြင်ဖြင့် လမ်းညွှန်မှုပြုထားသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာပါ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူများအားလုံးက စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် ခရီးလမ်းကြောင်းအတိုင်း မမိုတ်မသုန် ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံနှင့် အိုင်ယာလန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု တည်ထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးသည့်အခမ်းအနား ကွာလာလမ်ပူမြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု တည်ထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်(** Joint Communique**)လက်မှတ်ရေးထိုးသည့် အခမ်းအနားတစ်ရပ်ကို ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ သံအမတ်ကြီး၏ရုံးခန်း၌ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် ညနေ ၃နာရီတွင်ကျင်းပရာ အခမ်းအနားသို့ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် သံရုံးဝန်ထမ်းများ၊ မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံသံအမတ်ကြီး** H. E. Mr. Daniel Mulhall **နှင့် သံရုံးဒုတိယအကြီးအကဲ** Mr. Michael Smith **တို့ တက်ရောက်ကြသည်။**

သံအမတ်ကြီး ဦးလှမောင်က ဦးစွာ နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု တည်ထောင်နိုင်ခဲ့ခြင်းသည် သမိုင်းတွင်သည့် ဆောင်ရွက်ချက်ဖြစ်၍ ဝမ်းမြောက်ကြည်နူးဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူလူထုတို့အကြား ချစ်ကြည် ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည် မျှော်လင့်ကြောင်း ပြောကြားသည်။

အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးကလည်း မိမိတို့နှစ်နိုင်ငံအကြား ယခုကဲ့သို့ သံတမန်ဆက်သွယ်နိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ မြန်မာနိုင်ငံနှင့် အိုင်ယာလန်နိုင်ငံတို့အကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုစသည့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ကြောင်း ပြန်လည်ပြောကြားသည်။

### လက်မှတ်ရေးထိုး

ထို့နောက် သံအမတ်ကြီးနှစ်ဦးသည် နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု တည်ထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကာ အခမ်းအနားကို ညနေ ၃နာရီ မိနစ် ၄၀တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်ရေး စတင်ထူထောင်သည့်နေ့ အခမ်းအနားတွင် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးတို့ ဖေဖော်ဝါရီ ၁၀ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ သံအမတ်ကြီး၏ ရုံးခန်းတွင် စာချွန်လွှာ လက်မှတ်ရေးထိုးပြီး လဲလှယ်စဉ်။**
(သတင်းစဉ်)

### လက်မှတ်ရေးထိုး

**ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် အိုင်ယာလန်နိုင်ငံ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်ရေး စတင်ထူထောင်သည့်နေ့ အခမ်းအနားတွင် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလှမောင်နှင့် မလေးရှားနိုင်ငံဆိုင်ရာ အိုင်ယာလန်နိုင်ငံ သံအမတ်ကြီးတို့ ဖေဖော်ဝါရီ ၁၀ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ မြန်မာသံရုံးရှိ သံအမတ်ကြီး၏ ရုံးခန်းတွင် စာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။**
(သတင်းစဉ်)

## မြန်မာလူငယ်နှင့် ဘင်္ဂလားဒေ့ရှ်လူငယ်တို့ ဘောလုံးယှဉ်ပြိုင်ကြပုံ မြန်မာ့ရုပ်မြင်သံကြားမှ ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ထိုင်းနိုင်ငံ ဖူးကတ်မြို့တွင် ကျင်းပခဲ့သည့် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်လူငယ် ဘောလုံးပြိုင်ပွဲမှ အကြိုဗိုလ်လုပွဲဖြစ်သည့် မြန်မာလူငယ်နှင့် ဘင်္ဂလားဒေ့ရှ်လူငယ်တို့ ဖေဖော်ဝါရီ ၇ရက်က ယှဉ်ပြိုင်ကစားခဲ့ကြပုံများကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲ၁နာရီခွဲတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။**

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့်သာ ရိုက်ကူးထားခြင်းဖြစ်၍ ချွတ်ယွင်းအားနည်းမှုများကို သည်းခံရှုစားကြရန်လည်း ကြိုတင်အသိပေးတောင်းပန်ထားသည်။** (သတင်းစဉ်)



**ပုဗ္ဗန်တောင်မြို့နယ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က မြို့နယ်ရုံးခန်းမ၌ပြုလုပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးက ဖတ်ကြားစဉ်။** (၂၃)

❀ ရှေ့ဖုံးမှအဆက်

ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**တက်ရောက်**

အဆိုပါ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်နှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် ဇနီး၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ရေ၊လေ) တပ်မတော်အရာရှိ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်နယ်အသီးသီးနှင့် တနင်္သာရီတိုင်းမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် အထူးဧည့်သည်တော်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြစဉ်။**
(အပေါ်ပုံနှင့်အောက်ပုံ) (သတင်းစဉ်)

ကြီးများ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ၊ အမျိုးသား ညီလာခံ အလုပ်ကျသဘာပတိအဖွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံကြီးများမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားသတင်းဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာ့သမိုင်းအဖွဲ့၊ မြန်မာစာအဖွဲ့၊ မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကလေးသူငယ်များ ပြုစုစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူးများအသင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာများအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာ–ထိုင်း ယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အသင်း၊ အာဆီယံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ASEAN- CCI)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငှက်ဝါသနာရှင်အဖွဲ့၊ မြန်မာနိုင်ငံစီးပွားရေး တက္ကသိုလ်ဘွဲ့ရများအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ သစ်တောမိတ်ဆွေအသင်း၊ ငြိမ်းဖောင်ဒေးရှင်း (Shalon Foundation)၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုအသင်း၊ မြန်မာနိုင်ငံ–နိုင်ငံခြားသတင်းထောက်များအသင်း၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ အဖွဲ့က ပဏ္ဏာမဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့နှင့် တွဲဖက်ကာ ပြည်ထောင်စုတိုင်းရင်းသူများ၊ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း သီဆိုဧည့်ခံဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် ဧကာဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ကျောင်းသား၊ ကျောင်းသူများက "သားသားတို့ရဲ့ဒိုးပတ်" နှင့် "နုနုလှလှ သုခုမ" အကနှင့် မြန်မာ့ဆိုင်းတို့ဖြင့် လည်းကောင်း၊ ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "သွေးချင်းချစ်ကြည် မြစ်ဧရာဝတီ သက်သေတည်"အက၊ တနင်္သာရီတိုင်း တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ဆီအိုးဂီး(ဆီအိုးကြီး)"အက၊ ချင်းပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက "ကျဲရိုကန်အက (ဝါးညှပ်အက)"၊ မွန်ပြည်နယ် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များက "ငြိမ့်ညောင်းသာစွ မွန်ဂီတ" ယိမ်းအက၊ ကယားပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ခေါ်တော်အက" ၊ရှမ်းပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "စုပေါင်းနွှဲပျော်ရိုးရာပွဲတော်" အက၊ ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက "ယိုင်းယင်ပုခက်လွှဲရခိုင်ချေး" သီချင်းနှင့် ယိမ်းအကနှင့် ကရင်ပြည်နယ် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက "ပြည်ထောင်စုကို တို့ချစ်သည်" ကရင်ရိုးရာဒုံးအက တို့ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက "လှမ်းစို့တူပြိုင် တို့ပန်းတိုင်" တေးသရုပ်ဖော်အကတို့ဖြင့် လည်းကောင်း သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

## (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

# ပြည်ထောင်စုဥယျာဉ်

* ရိပ်ရိပ်ဆိုင်းဆိုင်း
ပင်တိုင်းခက်ဖြာ
ရွက်လွှာစိပ်စိပ်
အေးရိပ်အောက်တွင်
မြတ်မိခင်၏
ရင်ခွင်တိုးဝှေ့
ပျော်ရွှင်မွေ့သို့
ချမ်းမြေ့ကြည်ဖြူ
တစ်အူထုံ့ဆင်း
သွေးသားရင်းသွင်
ချစ်ခြင်းတူမျှ ရှင်အားရ။

* ကချင်ကယား ကရင်ချင်း
အလှချင်းပြိုင် မွန်ရခိုင်နှင့်
တိမ်စိုင်တိမ်လိပ် ရိပ်ရိပ်အောက်ဝယ်
ရှမ်းပြည်နယ်သို့ ချစ်ဖွယ်စုံလင်
ဤဥယျာဉ်တွင် ပေါက်ပင်နှင့်ကျေး
ရောယှက်ထွေးလျက် ကျေးနှင့်ပေါက်ပင်
ရောယှက်တင်သို့ နှီးလွင်စိမ်းမြ
လှပ်ရွှရွှလျှင် ပေါက်ပင်လေလား ကျေးလေလား
ပြည်ထောင်စုဖွား တိုင်းရင်းသား။ ။

**မိုးကျော်ထွန်း(ရောဝတီ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ်(၇) လမ်းမကြီးနှင့်ပြည်ထောင်စုလမ်းမတို့ ဆက်သွယ်သည့် မင်းရဲကျော်စွာလမ်း၊ ရာဇာဓိရာဇ်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပင်လုံလမ်းအပါအဝင် လမ်းများအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✧ နိုင်ငံတော်မှ

လမ်းညွှန်မှာကြားခဲ့သည်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာ မြဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒဂုံမြို့သစ်(အရှေ့ပိုင်း)နှင့် ဆက်စပ်လမ်းများနှင့် တံတားငယ်များ တည်ဆောက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကိုမှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး စက်ရုံအတွင်းရှိ ကာကွယ်ဆေးထုတ်လုပ်မှုဌာန၊ ကာကွယ်ဆေး အရည်အသွေး ထိန်းချုပ်ရေးဌာနနှင့် ကာကွယ်ဆေးကုန်ချော ထုတ်လုပ်မှုဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**ကြိုဆို**

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်စိန်လွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဆေးရုံခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ ဇော်စိန်လွင်က စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၏ နောက်ခံသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ ဆေးရုံ၌ ဆောင်ရွက်နေသည့် ကုသရေး၊ သင်ကြားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြင်ပလူနာနှင့် အတွင်းလူနာအခြေအနေ၊ ကုသပေးသည့်ကာလနှင့် ပျောက်ကင်းမှု၊ လူနာများကို ကုသပေးနေသည့် ကုထုံးများ၊ ဆေးရုံသင်ကြားရေး အစီအစဉ်များ၊ ပင်မစီမံကိန်းအရ ဆောင်ရွက်ပြီးစီးနေသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လူနာကုသမှု ထိရောက်သည့် Day Care Centre တည်ဆောက်ရေး၊ ပင်မစီမံကိန်းအရ တည်ဆောက်ရန်လျာထားသည့် အဆောက်အအုံများ၊ အဆင့်အလိုက် ဖြည့်စွက်တည်ဆောက်ရေး၊ လူနာများအတွက် ကစားကွင်း၊ ကစားရုံများတည်ဆောက်ရေးအပါအဝင် ကုသရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံလူနာများအတွက် အလှူငွေပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လူနာဆောင်များ၊ ထမင်းစားခန်း၊ တည်ဆောက်ဆဲ လူနာဆောင်အမှတ်(၅)နှင့် စိတ္တသုခ ဓမ္မသာလာဓမ္မာရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တိုင်းမှူး၊ မြို့တော်ဝန်တို့နှင့်အတူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ်(၇)လမ်းမကြီးနှင့် ပြည်ထောင်စုလမ်းမတို့ ဆက်သွယ်သည့် မင်းရဲကျော်စွာလမ်း၊ ရာဇာဓိရာဇ်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ပင်လုံလမ်းအပါအဝင်၊ လမ်းများအခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုပြီး လမ်းပျက်စီးနေမှုအပိုင်းများ အမြန်ပြုပြင်မွမ်းမံသွားရန် ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ ရှမ်းပြည်နယ် ကျိုင်းတုံတွင် ခွဲစိတ်ကုသလူနာများအား ကြည့်ရှုအားပေး၍ စားစရိတ်ထောက်ပံ့ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိလာရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။**

ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်လျက်ရှိသော မွေးရာပါ ချို့ယွင်းချက်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ပြုပြင်နေမှုကို ခွဲစိတ်ခန်းအတွင်းတွင် လှည့်လည်ကြည့်ရှု အားပေး၍ လူနာတစ်ဦးချင်းအား စားစရိတ်ငွေများ ထောက်ပံ့ချီးမြှင့်သည်။ (ဝဲပုံ)

**တက်ရောက်**

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ် အရှေ့ပိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် ကြီးကြပ်မှုကော်မတီဝင်များ၊ ဖိတ်ကြားထားသော ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**အလှူငွေပေးအပ်**

အစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားပြီး မွေးရာပါ ချို့ယွင်းချက်ရှိ လူနာများအား ခွဲစိတ်ကုသရာတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအတွက် အလှူငွေများပေးအပ်ရာ ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီးအတွက် ကုန်ကျငွေ ကျပ်ခုနစ်သိန်းငါးသောင်းကို ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမောင်ကလည်းကောင်း၊ ငွေကျပ်တစ်သိန်း ကိုးသောင်း နှစ်ထောင်ကို မန္တလေးပြည်သူ့ဆေးရုံကြီး မျက်နှာ၊ မေးရိုးနှင့် အသားအစားထိုး ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်နုနုရီကလည်းကောင်း၊ လူနာများအတွက် စားစရိတ်ထောက်ပံ့ငွေ ကျပ်ငါးသောင်း နှစ်ထောင်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုင်းခမ်းလှိုင်က လည်းကောင်း အသီးသီးလက်ခံယူကြသည်။

**ကျေးဇူးတင်စကား**

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ စံပြကျေးရွာများအတွက် အဝတ်အထည်များပေးအပ်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်ပြုံးဝင်းက လက်ခံပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုင်းခမ်းလှိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီခန့်တွင် ပြည်သူ့ဆေးရုံကြီးမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

# မြန်မာ့ရိုးရာ စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်သည် မြေလတ်ပိုင်း ပုဂံယဉ်ကျေးမှုနယ်မြေတွင် လာမည့် မတ်လနောက်ဆုံးအပတ်၌ မြန်မာ့ရိုးရာ စွန်အလှ ပြိုင်ပွဲနှင့် စွန်ဖြတ်အားကစားပြိုင်ပွဲကို ကျင်းပပေးရန် စီစဉ်ထားပြီးဖြစ်သည်။

ပြည်နယ်နှင့်တိုင်းများမှ ပါဝင်ယှဉ်ပြိုင်ကြမည့် စွန်ဖြတ် အားကစားသမားများနှင့် စွန်ပညာရှင်များ၏ ပြိုင်ပွဲကျင်းပမည့်နေရာ လေ့လာသတ်မှတ်ရေးစသော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများစီစဉ်နိုင်ရန် အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန်(ပထမဆင့်)ဒေါ်မိမိခင် ဦးဆောင်သော အမှုဆောင်များနှင့် စွန်ပညာရှင်နှင့် စွန်ဖြတ်အားကစားသမားများဖြစ်ကြသည့် တာမွေမြို့နယ်မှ ဦးမျိုးလွင်နှင့် သဃ်န်းကျွန်းမြို့နယ်မှ ဦးမြင့်သိန်း(ရှုပါစတား)တို့ ပါဝင်သောအဖွဲ့သည် ပုဂံမြို့သို့ ဖေဖော်ဝါရီ ၁၃ရက်တွင် ထွက်ခွာကြမည်ဖြစ်သည်။

ပုဂံယဉ်ကျေးမှုနယ်မြေတွင် နေထိုင်စဉ်အတွင်း စွန်အလှလုပ်ပုံလုပ်နည်းနှင့် စွန်ဖြတ်အားကစားသမားများ ၁၂နှစ်အောက် ကျား၊ မ ကျောင်းသားလူငယ်များအတွက် ကစားပုံကစားနည်းများကို အဖွဲ့ချုပ်မှ သတ်မှတ်ထားသည့် စွန်နှင့်ဆိုင်ရာ ဥပဒေစည်းကမ်းများအတိုင်း လက်တွေ့သင်ကြားပြသသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသည့် စွန်ပညာရှင်များနှင့် စွန်ဖြတ်အားကစားသမားကျောင်းသားလူငယ်များအား ဖေဖော်ဝါရီ ၁၅ရက်မှစ၍ တစ်ပတ်အတွင်း ပုဂံယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီရင်ပြင်၌ ကြိုတင်ခရီးလေ့လာရေးအဖွဲ့နှင့် လာရောက်တွေ့ဆုံမေးမြန်းနိုင်သည်။

(သတင်းစဉ်)

# ဗောဓိမြိုင် ဓမ္မရသစာစဉ်ထုတ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ သာသနာ့အကျိုးဆောင်အဖွဲ့မှ ဗောဓိမြိုင်ဓမ္မရသ စာစဉ်ကို သုံးလတစ်ကြိမ်ထုတ်ဝေရန် စီစဉ်လျက်ရှိရာ စာမူပေးပို့လိုသူများသည် စာတည်းအဖွဲ့ တာဝန်ခံများဖြစ်သည့် ဦးသိန်းဦး ဖုန်း-၅၆၅၁၈၉၊ ဦးထွန်းအေး ဖုန်း-၅၇၇၇၈၀၊ ဦးမျိုးမြင့် ဖုန်း-၇၂၆၈၄၆၊ ဦးကျော်ဝင်း ဖုန်း-၅၆၅၄၉၂၊ ဒေါ်ချိုရွှေ ဖုန်း-၅၇၉၆၂၇နှင့် ချမ်းသာစာပေ အမှတ်(၁၃၇) (၃၄) လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တို့ထံ မတ် ၇ရက်မတိုင်မီ ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

# အီရတ်စစ်သုံ့ပန်းများအား နှိပ်စက်ညှဥ်းပန်းမှု စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဌာနပြောဆို

လန်ဒန် ဖေဖော်ဝါရီ ၁၁

အီရတ်စစ်သုံ့ပန်းများအား နှိပ်စက်ညှဥ်းပန်းနေသည်ဟု စွပ်စွဲခံထားရသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ အပါအဝင် အခြားသော ဖြစ်ရပ်အများစုကို စစ်ဆေးစုံစမ်းလျက်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးက ရိုက်နှက်၍ သေဆုံးသွားသူ အီရတ်စစ်သုံ့ပန်းတစ်ဦးတွင် ဒဏ်ရာ ၅၀ထက်မနည်း ရရှိခဲ့ကြောင်း သည်ဆန်းနေ့စဥ်သတင်းစာက ရေးသား ဖော်ပြခဲ့သည်။ ဘုရင်မကြီး၏ လန်ကာရှိုင်ယားတပ်ရင်းကြီးက ဘာဆရာမြို့ရှိ ဟိုတယ်တစ်ခုအား ယမန်နှစ်က စီးနင်းဝင်ရောက်ရှာဖွေခဲ့ရာတွင် ဖမ်းဆီးခဲ့သည့်လူကိုးဦးတွင် ဖော်ပြပါသေဆုံးသူပါဝင်သည်။

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြပါ အီရတ်စစ်သုံ့ပန်းသည် ဗြိတိသျှအချုပ်ခန်းတွင် သေဆုံးသွားပြီး တော်ဝင်စစ်ရဲအထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ခွဲက ယင်းကိစ္စနှင့်စပ်လျဥ်း၍ စုံစမ်းမှုစတင်ပြုလုပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗြိတိသျှတပ်တပ်ဖွဲ့ဝင်များက အီရတ်စစ်သုံ့ပန်းများအား နှိပ်စက်နေသည့်ကိစ္စနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုအချို့ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဖော်ပြပါ ဟိုတယ်အားဝင်ရောက်ရှာဖွေစဥ်က ဖမ်းဆီးမိခဲ့သည့် အီရတ်စစ်သုံ့ပန်းများတွင် နှစ်ဦးမှာဆိုးရွားစွာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကျန်စစ်သုံ့ပန်းများက နှိပ်စက်ညှဥ်းပန်းသည်ဟု တိုင်ကြားခဲ့ကြောင်း သည်ဆန်းသတင်းစာက ဆက်လက်ရေးသားသည်။

ဗြိတိသျှတပ်တပ်ဖွဲ့ဝင်များက ဥပဒေမဲ့ပြုမူခဲ့ပါက သင့်တင့်လျောက်ပတ်သည့် အရေးယူမှုမျိုး ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြပါ ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက ပြောကြားသည်။

လူသတ်မှုဖြင့် တပ်ဖွဲ့ဝင်များအား တရားစွဲဆိုမှုဆိုင်ရာ ပြောကြားချက်များမှာ စဥ်းစားစရာကောင်းလှကြောင်း သည်ဆန်းသတင်းစာကဖော်ပြချက်များကို ကိုးကားရင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ။**

ဖေဖော်ဝါရီ ၁၀ ရက်က အီရတ်နိုင်ငံ အစ္စကန်ဒါရီဟာမြို့တွင် ကားဗုံးပေါက်ကွဲသည့်နေရာကို ကြည့်ရှုနေသည့် အီရတ်နိုင်ငံသားများကို တွေ့ရစဥ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘုရှ်အစိုးရ၏ဘတ်ဂျက် အမေရိကန်စီးပွားရေးကို အထောက်အကူမပြု လူလတ်တန်းစားနှင့် အမေရိကန်ကလေးငယ်များကို ထိခိုက်နိုင်ဟု ဒီမိုကရက်များ ဝေဖန်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

**အမေရိကန်သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်အစိုးရ၏ ရသုံးမှန်းခြေဘတ်ဂျက်ပမာဏသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလျံရှိသည်။ တစ်ထရီလျံသည် တစ်ဂဏန်းနောက်၌ သုည ၁၂လုံး ပါဝင်သောကိန်းဂဏန်းဖြစ်သည်။ ထိုရသုံးမှန်းခြေငွေစာရင်းသည် အမေရိကန်မြို့ပြများ တိုးချဲ့ပြုပြင်ရေး အစီအစဥ်များကို လျှော့ချထားသည့် တစ်ချိန်တည်းမှာပင် အခွန်အခများကိုလည်း ဖြတ်တောက်သည့်ငွေစာရင်းမျိုးဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့ကြသည်။**

ဒီမိုကရက်ပါတီသည် အပတ်စဥ်ရေဒီယိုမိန့်ခွန်းထုတ်လွှင့်သည်။ ထိုထုတ်လွှင့်ချက်တွင် ဘုရှ်အစိုးရ၏ဘတ်ဂျက်သည် လက်တွေ့ဖြစ်ပျက်နေသော အခြေအနေများနှင့် ကိုက်ညီခြင်း မရှိကြောင်းဒက်ထရိုက် မြို့တော်ဝန် ကွာမီကားလ်ပက်ထရစ်က ဝေဖန်ပြောကြားသည်။

၎င်းက အမေရိကန်သမ္မတ၏ ဘတ်ဂျက်သည် အလွန်အရေးပါသော အစီအစဥ်များကို ဖြတ်တောက်ထားသည်။ ထိုသို့ ဖြတ်တောက်ထားသဖြင့် အမေရိကန် လူလတ်တန်းစားများနှင့် ကလေးငယ်များအပေါ် သွားရောက်၍ ထိခိုက်နစ်နာစေသည်။ ပို၍စိုးရိမ်စရာ ကောင်းလောက်အောင်ဆိုးရွားသည့်အချက်မှာ အမေရိကန် စီးပွားရေးဝန်းကျင်ကို ထိခိုက်စေသော ကိစ္စများပင်ဖြစ်သည်ဟု ကားလ်ပက်ထရစ်ကဆိုသည်။

မြို့တော်ဝန်က အမေရိကန် သမ္မတ၏ဘတ်ဂျက်တွင် အခွန်အခများ ဖြတ်တောက်ထားခြင်းသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို မဖြစ်ပေါ်စေရုံသာမက နိုင်ငံသားများအတွက် အလုပ်အကိုင်ဖန်တီးပေးရေးကိုပါ သွားရောက်ထိခိုက်စေလိမ့်မည်ဟု ဝေဖန်ခဲ့သည်။

လက်တွေ့တွင် အမေရိကန် မြို့ကြီးပြကြီးများ ဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် နိုင်ငံလည်း ချမ်းသာကြွယ်ဝလာနိုင်မည်မဟုတ်ဟူသော အချက်ပင်ဖြစ်သည်။ အမေရိကန်မြို့ပြဒေသကြီး ၃၂၀တို့သည် နိုင်ငံစီးပွားရေး၏ ၈၅ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိသည်။ အမေရိကန်နိုင်ငံ၏ ရေရှည်တိုးတက်ဖွံ့ဖြိုးရေးမှ အလုပ်အကိုင်ကောင်းများစွာကို ဖန်တီးပေးနိုင်သော မြို့ပြဒေသကြီးများ တိုးတက်မှသာ ဖြစ်နိုင်ပေသည်ဟု ကားလ်ပက်ထရစ်က ထည့်သွင်းပြောကြားသွားသည်။

၎င်းကအစိုးရ၏ ဘတ်ဂျက် သုံးစွဲငွေအများအပြားကို မြို့ပြကြီးများ၏ အခြေခံအဆောက် အအုံတိုးတက်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် သုံးစွဲသင့်သည်ဟုဆိုသည်။

မြို့ပြများ၏ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် လစာဝင်ငွေမြင့်မားသော အလုပ်အကိုင်များစွာကို ဖန်တီးပေးနိုင်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဗိသုကာလုပ်ငန်းများနှင့် နည်းပညာလုပ်ငန်းများတွင် အလုပ်အကိုင်သစ်များ ဖြစ်ပေါ်လာစေနိုင်သည်။ ဤသို့ မြို့ပြများတွင် စီမံကိန်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်မှသာ ကုမ္ပဏီသစ်များ၊ အလုပ်အကိုင်သစ်များ ပေါ်ထွက်လာပြီး နိုင်ငံ့စီးပွားရေးကို အသစ်တစ်ဖန် အားကောင်းစေနိုင်မည်ဖြစ်သည်ဟု ကားလ်ပက်ထရစ်က သုံးသပ်ပြောကြားခဲ့သည်။ **အင်တာနက်။**

## လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

*ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၀*

*အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းဒေသတွင် လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး တနင်္ဂနွေနေ့က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။*

*ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း ၁၂ မိုင် ကွာဒေသရှိ မာမူဒီယာမြို့အနီးသနေ ၄ နာရီ မိနစ်၃၀ တွင် သေဆုံးခဲ့ခြင်း ဖြစ်သည်။*

**အမ်အင်အေ၊ဆင်ဟွာ။**

# ဘလဲ ရာထူးမှနုတ်ထွက်ပေးသင့်ကြောင်း ဗြိတိန်လူထု ၅၁ရာခိုင်နှုန်း သဘောထားပေး

**လန်ဒန် ဖေဖော်ဝါရီ ၉**

အင်ဒီပင်းဒင့်သတင်းစာက ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်တိုနီဘလဲအပေါ် လူထုသဘောထား မည်သို့ရှိသည်ကို သိရှိရန် ဆန္ဒသဘောထား ကောက်ယူခဲ့သည်။ ထိုမဲဆန္ဒရှင်များအနက် ၅၁ ရာခိုင်နှုန်းက ရာထူးမှထွက်ပေးစေလိုကြောင်း သဘောထားပေးကြပြီး ၅၄ရာခိုင်နှုန်းသောလူများက ဆက်ဒမ်ဟူစိန်၏ ခြိမ်းခြောက်အန္တရာယ်နှင့်ပတ်သက်၍ ဝန်ကြီးချုပ်သည် နိုင်ငံအပေါ် လိမ်ညာခဲ့သည်ဟု ရှုမြင်ကြကြောင်းသိရသည်။

ယခုသီတင်းပတ်တွင် နောက်ဆန္ဒသဘောထား ကောက်ယူရေး အဖွဲ့ကလည်း လူထုသဘော ထားကောက်ယူလေ့လာခဲ့သည်။ ထိုလေ့လာချက်အရ တိုရီပါတီကို လေဘာပါတီထက် လူကြိုက်များနေကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။ ကွန်ဆာဗေးတစ်ပါတီကို နှစ်သက်ကြောင်း သဘောထားပေးသူ ၃၆ရာခိုင်နှုန်း၊ လေဘာပါတီကို နှစ်သက်ကြောင်း သဘောထားပေးသူ ၃၅ ရာခိုင်နှုန်းနှင့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီကို နှစ်သက်ကြောင်း သဘောထားပေးသူ ၂၄ ရာခိုင်နှုန်း ရှိကြောင်းတွေ့ရသည်ဟုဆိုသည်။

ဝန်ကြီးချုပ်ဘလဲသည် ရာထူးမှထွက်ပေးသင့်သည် သို့မဟုတ်တစ်စုံတစ်ဦးကိုတာဝန်လွှဲ ပေးသင့်သည်ဟူသော အဆိုကို မည်သို့ထင်မြင်ပါသလဲဟူသောအချက်ကို ဆန္ဒတောင်းခံရာ၌ ထည့်၍မေးမြန်းခဲ့သည်။ ထိုအမေးကို ၅၁ရာခိုင်နှုန်းက ထောက်ခံကြောင်းသို့မဟုတ် အလွန်လိုလားကြောင်း ပြန်ကြားခဲ့ကြပြီး ၃၅ ရာခိုင်နှုန်းကသာ သဘောမတူကြောင်း ပြန်ကြားခဲ့ကြောင်း သိရသည်ဟုဆိုသည်။ **အင်တာနက်။**

## ကင်းလှည့်စောင့်ကြပ်

**ဖေဖော်ဝါရီ ၁၀ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် ကင်းလှည့်စောင့်ကြပ်နေသည် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဥ်။**

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်မရိန်းတပ်သားသုံးဦး ဩစတြေးလျတွင် မုဒိမ်းမှုဖြင့်တရားစွဲခံရ

ကင်ဘာရာ ဖေဖော်ဝါရီ ၁၀

**အမေရိကန်မရိန်းစစ်သားသုံးဦးသည် ဩစတြေးလျနိုင်ငံမြောက်ပိုင်းရှိ ဒါဝန်မြို့တွင် ဩစတြေးလျအမျိုးသမီးနှစ်ဦးကို မုဒိမ်းမှုကျူးလွန်ခဲ့သည့် စွဲချက်ဖြင့်အရေးယူထားကြောင်း မြောက်ပိုင်းနယ်မြေ ရဲတပ်ဖွဲ့မှ ပြောကြားသည်။**

**အသက် ၂၃နှစ်နှင့် ၂၆နှစ်အရွယ်ရှိ ဩစတြေးလျနိုင်ငံသူ ညီအစ်မနှစ်ဦးသည် အမေရိကန်စစ်သားနှစ်ဦးနှင့်အတူ ဒါဝန်မြို့ရှိအိမ်ခန်းတစ်ခုအတွင်းသို့ ပြီးခဲ့သောသောကြာနေ့ညဥ့်သန်းခေါင်ကျော်အချိန်တွင် သွားခဲ့ကြသည်။ ထိုအိမ်ခန်းသို့ရောက်သောအခါ တတိယမရိန်းစစ်သားနှင့် ထပ်မံတွေ့ဆုံရကြောင်း အမျိုးသမီးများက ပြောပြသည်ဟု ရဲကဆိုသည်။**

**အမှုစွဲခံထားရသူစစ်သားသုံးဦးမှာ အသက် ၂၀နှစ်၊ ၂၁နှစ်နှင့် ၂၂နှစ် အသီးသီးရှိကြသူ များဖြစ်သည်။ ၎င်းတို့သုံးဦးမှာ အလိုမတူဘဲ အဓမ္မပြုမှုဖြင့် စွဲဆိုခံထားရပြီးလာမည့် ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် ဒါဝန်မြို့ တရားရုံးသို့ ရုံးချိန်းလာရောက်ကြရမည်ဖြစ်သည်။**

**ပြီးခဲ့သော သီတင်းပတ်အတွင်းက စစ်သမီး ၄၅၀၀ခန့် အပါအဝင် အမေရိကန် တပ်ဖွဲ့ဝင်များသည် ဩစတြေးလျနိုင်ငံ ဒါဝန်မြို့သို့ ကမ်းတက်လည်ပတ်ခွင့်ရရှိခဲ့ကြသည်။ ထိုတပ်ဖွဲ့ဝင်များမှာ ပိုမိုလီယူ၊ ဂါမင်တောင်းနှင့် ဒီကာတော် အမေရိကန် စစ်သင်္ဘောများမှ ဖြစ်ကြသည်။** အင်တာနက်။

## ဗုံးများဖယ်ရှားရန် ကြိုးပမ်းစဥ် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၀

အီရတ်နိုင်ငံမြောက်ပိုင်းဒေသတွင် ပေါက်ကွဲစေတတ်သည့် ဗုံးများဖယ်ရှားရန်ကြိုးပမ်းနေစဥ် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကာ အခြားခြောက်ဦး တနင်္လာနေ့က ထိခိုက်ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။

အီရတ်နိုင်ငံ မြောက်ဖျားပိုင်းဒေသရှိ မိုဆူးလ်မြို့ပြင် ဆင်ဂျာမြို့အနီးတွင် ဖြစ်ပွားခဲ့သည့် မတော်တဆပေါက်ကွဲမှုဖြစ်ကြောင်း အမေရိကန် စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးကပြောကြားသည်။

ဆင်ဂျာမြို့သည် ဘဂ္ဂဒက် မြောက်ပိုင်း မိုင် ၂၅၀အကွာတွင်ရှိသည်။

**အမ်အင်အေ၊ရိုက်တာ။**

# အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ မှတ်တမ်းများ

## အီရတ်ပြောက်ကျားတို့ ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် အပေါင်းပါများလစဉ်သေဆုံးခဲ့ရမှု

၂၀၀၃ခုနှစ်မတ်၂၀ရက်မှစ၍ အမေရိကန်နှင့်အပေါင်းပါတပ်များက အီရတ် နိုင်ငံကိုကျူးကျော်တိုက်ခိုက်ခဲ့သည်။ အမေရိကန်နှင့် အပေါင်းပါတပ်များကို အီရတ်ပြောက်ကျားများက ခုခံတိုက်ခိုက်ခဲ့ရာ သေဆုံးမှုများမှာ လစဉ်မြင့်တက်လာလျက်ရှိသည်။ အမေရိကန်နှင့် အပေါင်းပါတပ်များကို အီရတ်လက်နက်ကိုင်တပ်များ၏ ခုခံတိုက်ခိုက်မှုများမှာ လျော့မသွားဘဲ ဆက်လက်ပြင်းထန်နေဆဲဖြစ်သည်။

၂၀၀၃ခုနှစ် ဇွန် ၁၄ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အမေရိကန်စစ်သုံး ဟမ်းဗီးယာဉ်အနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားစဉ်။

### ဗုံးခွဲတိုက်ခိုက်

၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၁ရက်က ဘာဆရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ကို ပစ်မှတ်ထားသော ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များက ဗုံးကွဲသည့်နေရာတွင် ကြည့်ရှုစစ်ဆေးနေစဉ်။

### အီရတ်ပြောက်ကျားတို့ ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါများ လစဉ်သေဆုံးခဲ့ရမှု

| လအမည် | အမေရိကန် တပ်ဖွဲ့ဝင် | ဗြိတိသျှ တပ်ဖွဲ့ဝင် | အပေါင်းပါ နိုင်ငံများ | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၀၃ခုနှစ် မတ်လ | ၆၅ | ၂၇ | ၀ | ၉၂ |
| ၂၀၀၃ခုနှစ် ဧပြီလ | ၇၃ | ၆ | ၀ | ၇၉ |
| ၂၀၀၃ခုနှစ် မေလ | ၃၇ | ၄ | ၀ | ၄၁ |
| ၂၀၀၃ခုနှစ် ဇွန်လ | ၂၉ | ၆ | ၀ | ၃၅ |
| ၂၀၀၃ခုနှစ် ဇူလိုင်လ | ၄၆ | ၁ | ၀ | ၄၇ |
| ၂၀၀၃ခုနှစ် ဩဂုတ်လ | ၃၅ | ၆ | ၂ | ၄၃ |
| ၂၀၀၃ခုနှစ် စက်တင်ဘာလ | ၃၁ | ၁ | ၁ | ၃၃ |
| ၂၀၀၃ခုနှစ် အောက်တိုဘာလ | ၄၂ | ၁ | ၂ | ၄၅ |
| ၂၀၀၃ခုနှစ် နိုဝင်ဘာလ | ၈၁ | ၁ | ၂၇ | ၁၀၉ |
| ၂၀၀၃ခုနှစ် ဒီဇင်ဘာလ | ၄၀ | ၀ | ၈ | ၄၈ |
| ၂၀၀၄ခုနှစ် ဇန်နဝါရီလ | ၄၅ | ၅ | ၀ | ၅၀ |
| ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ | ၁၁ | ၁ | ၁ | ၁၃ |
| စုစုပေါင်း | ၅၃၅ | ၅၉ | ၄၁ | ၆၃၅ |



၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၁ရက်က ရာမာဒီမြို့နှင့် ခါလ်ဒီယာမြို့တို့အကြား အဝေးပြေးလမ်းမပေါ်တွင် အမေရိကန် စစ်ယာဉ်တန်းမောင်းနှင်စဉ် သံချပ်ကာကားတစ်စီးအနီး ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းနေစဉ်။

၂၀၀၃ခုနှစ် ဩဂုတ် ၅ရက်က မြို့တော် ဘဂ္ဂဒက်အနောက်ဘက် ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ရန် ပြင်ဆင်နေစဉ်။

၂၀၀၃ခုနှစ် ဩဂုတ် ၆ရက်က တီကရစ်မြို့တွင် ဗုံးခွဲတိုက်ခိုက်ခံရသည့် စစ်ယာဉ်ကို အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

# မန္တလေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

## မြင်းခြံဒီဂရီကောလိပ်

မန္တလေးတိုင်း မြင်းခြံမြို့ရှိ မြင်းခြံဒီဂရီကောလိပ် အဆောက်အအုံကို တွေ့ရစဉ်။

မန္တလေးမြို့ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်နေသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း (အောက်ပုံ)မှ လျှပ်စစ်မဂ္ဂါဝပ် ၇၉၀ရရှိမည်ဖြစ်သည်။

| ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **စိုက်ပျိုးရေး** | | |
| အသားတင်စိုက်ပျိုးမြေဧက(သိန်း) | ၂၅.၃ | ၃၃.၉ |
| မိုး/နွေစပါးစိုက်ဧက | ၅၇၅၈၅၅ | ၈၂၀၀၀၃ |
| ပဲမျိုးစုံစိုက်ဧက | ၁၃၅၄၆၃၂ | ၁၅၅၉၉၆၄ |
| လက်ဖက်စိုက်ဧက | ၂၀၅၀ | ၃၀၈၄ |
| ရော်ဘာကောင်းစိုက်ဧက | – | ၃၂၄၆၄ |
| **ဆည်/တမံ** | | |
| ရေလှောင်တမံ | ၂၀ | ၆၀ |
| မြစ်ရေတင် | ၂ | ၇၁ |
| **စက်မှုဇုန်** | – | ၃ |
| **လမ်းတံတား** | | |
| လမ်းမိုင်ပေါင်း | ၈၄၄ | ၁၂၈၁ |
| ပေ ၁၈၀အထက်တံတား | – | ၆ |
| **ဆက်သွယ်ရေး** | | |
| မိုက်ကရိုဝေ့ဗ် | ၁၁ | ၁၆ |
| အော်တိုအိတ်ချိန်း | ၅ | ၁၈ |
| စာတိုက် | ၁၄၀ | ၁၄၉ |
| ကြေးနန်းစခန်း | ၃၇ | ၄၆ |

| ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **ပြန်ကြားရေး** | | |
| မြန်မာ့အလင်း၊ ကြေးမုံ ကိုယ်ပွား သတင်းစာတိုက် (မန္တလေး) | – | ၁ |
| ရုပ်/သံထပ်ဆင့်လွှင့်စက်ရုံ | ၁ | ၃ |
| ပြန်/ဆက်ရုံး | – | ၃၃ |
| e-Library | – | ၁ |
| စာကြည့်တိုက် | – | ၁၅ |
| **အခြေခံပညာရေး** | | |
| အထက်တန်းကျောင်း | ၈၇ | ၁၁၄ |
| အလယ်တန်းကျောင်း | ၁၈၀ | ၂၃၀ |
| မူလတန်းကျောင်း | ၃၄၂၄ | ၄၀၉၁ |
| မူလတန်းလွန်ကျောင်း | – | ၄၄၄ |
| **အဆင့်မြင့်ပညာရေး** | | |
| တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ | ၁၆ | ၄၀ |
| **ကျန်းမာရေး** | | |
| ဆေးရုံ | ၆၉ | ၈၄ |

## ပြည်ထောင်စုနေ့ ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

### မန္တလေး စက်မှုဇုန်

မန္တလေး စက်မှုဇုန်ထုတ် မော်တော်ယာဉ် ကိုယ်ထည် အစိတ်အပိုင်းများကို တွေ့ရစဉ်။

### မြင်းခေါင်းဘိလပ်မြေစက်ရုံ

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ရှိ မြင်းခေါင်း ဘိလပ်မြေ စက်ရုံကို တွေ့ရစဉ်။

# စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

"ရှောင်စေတဲ့ ရှားစေ။
ရှားစေတဲ့ ရှောင်စေ။
တို့သွေးကို လာမစမ်းနဲ့
ကျွမ်းပြန်လိမ့်လေ။
တရားမဲ့ သတ္တဝါတွေ
တို့မြေက ခုပြေး။
ရဲတံခွန် အလံထူလို့။
တို့အသက်အမှန်လှူလို့
မိုက်ရူးသူ ကမ္ဘာတုံးအောင်
နိုင်မခံ ချေလို့မှုန်းမယ်
ဖုန်းမောင်တို့သွေး"

စာရေးသူသည် နံနက်စောစော အိပ်ရာမှ နိုးလာစဉ် စာရေးသူ၏ မြေးမလေးက ဆဋ္ဌမတန်းဖတ်စာအုပ်ထဲမှ **"တို့သွေး"** ကဗျာလေးကို အသံစာစာဖြင့် ရွတ်ဆိုကျက်မှတ်နေသည်ကို ကြားလိုက်မိသည်။ အဆိုပါ ကဗျာရွတ်သံလေးကို ကြားမိတော့မှ သွေးချင်းသားချင်း တိုင်းရင်းသား အားလုံးတို့၏ ပြည်ထောင်စုနေ့ကြီးအကြောင်း စဉ်းစားမိသည်။ ထိုစဉ်တစ်ဖက်အိမ်မှ သက်ကြီး အသုံးလုံး သင်တန်းသူ ဖွားမယ်ဗျော့၏ စာဖတ်ရှိန်မြှင့်တင်ရေး စာအံသံကို ကြားလိုက်ရပြန်သည်။

"တိုင်းရင်းသား ကိုယ်စားလှယ်များ ရောက်ရှိလာကြပြီ။ ပြည်ထောင်စုတစ်ဝန်းလုံးမှ လာရောက်ကြ၏။ တိုင်းနှင့်ပြည်နယ် တစ်ဆယ့်လေးခုတို့ ပါဝင်ကြသည်။ ကုန်းလမ်း၊ လေလမ်း၊ ရေလမ်း ခရီးတို့မှ လာရောက်ကြခြင်းဖြစ်သည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော အခမ်းအနားသို့ လာရောက်ကြခြင်း ဖြစ်၏။ ပြည်ထောင်စုနေ့ အခမ်းအနားဖြစ်သည်။ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ကျင်းပသည်။ ရန်ကုန်မြို့တော်တွင် ကျင်းပမည်။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားဖြစ်၏။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားအားလုံးပါဝင်ကြမည်။

စာရေးသူ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်ခဲ့စဉ် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ ကမ္ပည်းကျောက်စာတိုင်ကို ဤသို့ဖတ်ရှုခဲ့ရသည်။

တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးစွာ ပေါင်းစည်း နေထိုင်လျက်ရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သရုပ်သဏ္ဌာန်နှင့် အနှစ်သာရကို ပေါ်လွင်ထင်ရှားစေမည့် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာကို ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၁၀)ရပ်ကွက် သန်လျင်တံတားကြီးအနီး ပဲခူးမြစ်ကမ်းနဖူး၌ရှိသော မြေ ၁၁၁ဧကတွင် ၁၉၉၅ ခုနှစ် ဧပြီ ၂၅ ရက်နေ့မှ စတင် ပန္နက်ချ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း သမိုင်းစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထင်ရှားပေါ်လွင်စွာ တစ်စုတစ်စည်းတည်း လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်း ခိုင်မာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအား ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နယ်ချဲ့တို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲစေရန် နည်းအမျိုးမျိုးကို အသုံးပြုခဲ့ကြသည်။ တိုင်းရင်းသားများက မြန်မာ တစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွ ရယူကြမည်ဟူသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံညီလာခံကြီး၌ ပြသခဲ့သည်။

ပင်လုံမြေ၌ ရရှိခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ဆက်လက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ပြန်လည် ရယူနိုင်ခဲ့သည်။

**"ဝေးလံခေါင်ဖျား**
**သွေးချင်းများထံ၊ ပန်းတံခါးခေါက်**
**လမ်းတံတားဆောက် ရောက်ခဲ့ပြီ။**
**တောင်အဆင့်ဆင့်**
**မိုးထိမြင့်နေမြင့်ပါစေ။**
**မိုးထိတိုင်အောင် လေ့ကားထောင်၍**
**တောင်တန်းတစ်လျှောက်**
**လမ်းသစ်ဖောက်အံ့။**
**မြစ်ချောင်းဒီးဒီး**
**ပင်လယ်ကြီးတွေ ဆီးပါစေ။**
**ပင်လယ်ကမ်းဦး၊ လက်ပစ်ကူး၍**
**ပေါင်းကူးတံတား တည်ဆောက်သွားအံ့။ ။**

**(သီဟအောင်)**

တိုင်းရင်းသားလူမျိုးတစ်ရာကျော်ဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးလျက် ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၁–၁–၂၀၀၃ရက်နေ့ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၅)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင်–

**"တို့နိုင်ငံဟာ နေရာတိုင်း၊ဒေသတိုင်းဒေသတိုင်းမှာ တိုင်းရင်းသား ပေါင်းစုံဟာ အတူတကွ စုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုနိုင်ငံ ဖြစ်တယ်။ တိုင်းနဲ့ပြည်နယ်၁၄ခုနဲ့ ဖြစ်တည်နေတဲ့ နိုင်ငံတော်အတွင်း တိုင်းနဲ့ပြည်နယ်တိုင်းမှာ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ တစ်သားတည်း နေထိုင်လျက်ရှိကြတယ်။ ကာလရှည်လျားစွာ ပေါင်းစည်းနေထိုင်ကြလို့လဲ တစ်ဦးအပေါ်တစ်ဦး မေတ္တာတရား၊ သံယောဇဉ်တရားနဲ့ သစ္စာစောင့်သိမှုတရားတွေခိုင်မြဲနေကြပြီဖြစ်တယ်။ ဒါ့ကြောင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်တဲ့ တိုင်းရင်းသားတွေဟာ တစ်ခုတည်းသောအ မိမြေ၊ အမိနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက် ကာကွယ်စောင့်ရှောက်ကြမယ်ဆိုတဲ့ စိတ်ဓာတ်ဟာ ပြည်ထောင်စုစိတ်ဓာတ်ပဲ ဖြစ်တယ်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ တစ်နည်းအားဖြင့် မှန်ကန်တဲ့ အမျိုးသားရေး ယုံကြည်ချက်ပေါ်က ထွန်းကားလာတဲ့ မျိုးချစ်စိတ်ဓာတ် လည်းဖြစ်တယ်"** ဟူ၍ ပြည်ထောင်စုစိတ်ဓာတ်၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို မိန့်ကြားခဲ့သည်။

လွတ်လပ်ရေးရရှိခဲ့သော်လည်း နယ်ချဲ့တို့၏သွေးခွဲမှုနှင့် ပြည်တွင်း လက်နက်ကိုင် သောင်းကျန်းမှုကြောင့် နှစ်ပေါင်း၄၀ကျော်ရှည်ကြာကာ နိုင်ငံအေးချမ်း တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ယနေ့ကာလ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မည်ကို သိမြင်သဖြင့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို ကျယ်ပြန့်နက်ရှိုင်းစွာ စည်းရုံးဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို နားလည်သဘောပေါက်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး နိုင်ငံအကျိုးပြုနှင့် ဒေသအကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်လျက် ရှိနေကြပြီဖြစ်သည်။

နယ်စပ်ဒေသများသည် ယခုအခါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်။ လမ်းများ၊တံတားများ၊ ခေတ်မီဆက်သွယ်ရေးနည်းစနစ်များဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်လာသကဲ့သို့ စိုက်ပျိုးရေး၊မွေးမြူရေး၊ စက်မှ… စသည့် လုပ်ငန်းများဖြင့် စီးပွ… သည်။ ကျောင်း၊ ဆေးရုံ၊ … စသည့် လူမှုပတ်ဝန်းကျင်များ…

၂၀၀၃ခုနှစ်(၅၆)နှစ်မြော… ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်… အမှာစကားကို အောက်ပါအ…

**"ပြည်ထောင်စုကြီး … တိုင်းရင်းသားများ စည်းလုံ… ပြည်ထောင်စုနေ့ အခမ်းအ… ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျ… နိုင်ငံတော်ကြီးသည် တိုင်းရင်… ဖြစ်တည်နေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း နှစ်… မိသားစုတစ်စုတည်းမှ ပေါက်ဖွ… ညီအစ်ကို မောင်နှမများဖြစ်… ခိုင်မြဲရေးအတွက် တစ်စိုက်… လာခဲ့ကြသည့် အစဉ်အလာရှိ…**

ပင်လုံဒေသ၏ သဘာဝ…



ကချင်ရိုးရာအိမ်

ကယ…

# တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ အ…

## (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါ…

ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအ…

ဗမာရိုးရာအိမ်

မွန်ရိုးရာအိမ်

ရခို…

ကယားရိုးရာအိမ်

ကရင်ရိုးရာအိမ်

ချင်းရိုးရာအိမ်

# ...ညွတ်မှု၏ အသီးအပွင့်များ

...က်ပြုဆောင်းပါး

**မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)**

...ွ တိုင်းရင်းသားကျေးရွာအဝင် မုခ်ဦးကိုတွေ့ရစဉ်။

စိုက်ပျိုးရေး၊မွေးမြူရေး၊ စက်မှုလက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း စသည့် လုပ်ငန်းများဖြင့် စီးပွားရေးဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာသည်။ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ စသည့် လူမှုပတ်ဝန်းကျင်များဖြင့်လည်း ပြည့်စုံနေကြပြီဖြစ်သည်။

၂၀၀၃ခုနှစ်(၅၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အမှာစကားကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

**"ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးတို့ကို ဖော်ဆောင်သည့် ပြည်ထောင်စုနေ့ အခမ်းအနားများကို အမျိုးသားရေးအနှစ်သာရ ပြည့်ပြည့်ဝဝဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဖြစ်တည်နေခြင်းဖြစ်သည်။ တိုင်းရင်းသား လူမျိုးများအားလုံးသည် ပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်းထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် မိသားစုတစ်စုတည်းမှ ပေါက်ဖွားဆင်းသက်လာခဲ့ကြသော တစ်အူထုံ့ဆင်း ညီအစ်ကို မောင်နှမများဖြစ်ကြသည်နှင့်အညီ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးအတွက် တစ်စိုက်မတ်မတ် လက်တွဲကာ စောင့်ရှောက်လာခဲ့ကြသည့် အစဉ်အလာရှိသည်"** ဟူ၍ မိန့်ကြားခဲ့ခြင်းဖြစ်သည်။

ပင်လုံဒေသ၏ သဘာဝလှပဆန်းကြယ် ကြွယ်ဝမှု၊ တိုင်းရင်းသားတို့၏ နှလုံးသားဖြူစင်မှုတို့သည် နိုင်ငံတော်၏ ဘက်စုံတည်ဆောက်ပေးမှုတို့နှင့်အတူ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည်။

ရွှေညောင်–နမ့်စန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ရွှေညောင်မှ ဆိုက်ခေါင်–နမ့်စန် လမ်းအပိုင်း ၁၀၃ မိုင် ဖောက်လုပ်ပြီးဖြစ်သည်။ ဤဒေသကို မဏ္ဍိုင်ပြု၍ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းကို ဆက်သွယ်ပေးသော လမ်းမကြီးကိုလည်း ဖောက်လုပ်ထားပြီးဖြစ်သည်။

ပင်လုံတက္ကသိုလ်၊ နည်းပညာကောလိပ်(ပင်လုံ)၊ ကွန်ပျူတာကောလိပ်(ပင်လုံ)၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ(လွိုင်လင်)တို့ ပေါ်ထွန်းလာသည်။ အနာဂတ်တွင် ဤဒေသမှ ခိုင်မာသော လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းလာတော့မည်။ ပညာသင်ကြားနိုင်မှုအခွင့်အလမ်းများသည် နိုင်ငံ၏ အခြားဒေသများနှင့်မခြား ပွင့်လန်းနေသည်။ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံ၊ ပင်လုံဒေသတို့ကို အခြေပြု၍ အဆင့်မြင့်ပညာသင်ကြားခွင့် မြင့်မားစွာတိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်လျက်ရှိကြသည်။ ညီနောင်သွေးချင်းသားချင်းများ၏ အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စွမ်းစွမ်းတမံကြိုးပမ်းကာကွယ်ခဲ့ကြပြီး ခိုင်မာတောင့်တင်းသည့် နိုင်ငံတော်ကြီးကို ထူထောင်နိုင်ခဲ့ကြသည်။

ပုဂံခေတ်တွင် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ်တွင် ဒုတိယမြန်မာနိုင်ငံတော်နှင့် ကုန်းဘောင်ခေတ်တွင် တတိယမြန်မာနိုင်ငံတော်တို့ကို အသီးသီးထူထောင်နိုင်ခဲ့သည်။

ပထဝီအနေအထားအရသော် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဖွဲ့စည်းတည်ရှိမှု အနေအထားအရသော် လည်းကောင်း တိုင်းရင်းသား လူမျိုးများအကြား၊ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအကြား ဖွံ့ဖြိုးတိုးတက်မှု အလှမ်းကွာဝေး မသွားစေရအောင်၊ ဆုတ်ကြိုနိမ့်မြင့် ကွာဟချက်နည်းနိုင်သမျှ နည်းပါးစေရအောင် ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု၏ ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း နိုင်ငံတော်က တစ်ပြိုင်တည်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အား အကျိုးကြီးမားပုံနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၃ ခုနှစ် (၅၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာတွင်–

**"အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတော်ကြီးများကို ထူထောင်နိုင်သော ကာလများသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားရှင်သန်သည့် ကာလများဖြစ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများသည်လည်း အထူးပင် ရှင်သန်ဖွံ့ဖြိုးတိုးတက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်"** ဟူ၍ ညွှန်ပြခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မည်ကို သိမြင်သဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကိုချမှတ်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို ကျယ်ပြန့်နက်ရှိုင်းစွာ စည်းရုံးဆောင်ရွက်ခဲ့သည်။

**"ရွှေနိုင်ငံ ပြည်သားတို့**
**စိတ်ထားလည်းတူညီ၊**
**ကိုယ့်တိုင်းပြည် ကိုယ်မြတ်နိုး**
**မျိုးချစ်ကြသည်။**
**ဇာတိမာန် အရင်းတည်**
**အဆင်းညီ ပြည်ထောင်စု၊**
**ရွှေနိုင်ငံ တိုးတက်ကြောင်းကို**
**စုပေါင်းလို့ပြု။ ။**

**(ဝတီဝင်းနိုင်)**

နယ်စပ်ဒေသများတွင် ယခုအခါ၌ လမ်းများ၊ တံတားများ၊ ခေတ်မီဆက်သွယ်ရေး နည်းစနစ်များ တိုးတက်ကောင်းမွန်လာသကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ စက်မှုလက်မှု၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း စသည့် လုပ်ငန်းများဖြင့် စီးပွားရေးဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း စသည့် လူမှုဖွံ့ဖြိုးရေးများဖြင့် ပြည့်စုံလျက်ရှိသည်။

နိုင်ငံတော်အစိုးရကလည်း ပြည်ထောင်စုတစ်ဝန်း အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို တစ်ပြိုင်နက် အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းမှုတို့ကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ခုနှစ်မှ ၃၁–၁၂–၂၀၀၃ရက်နေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်ငွေ သန်းပေါင်း ၅၀၂၄၅ဒသမ၇၅သန်းကျော်ကို ကျခံသုံးစွဲခဲ့သည်။

၁၉၈၈ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း တိုးတက်ဖြစ်ထွန်းလာသည့် နယ်စပ်ဒေသ ပညာရေးလုပ်ငန်းများအဖြစ် လူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၁၃ကျောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကျောင်း နှစ်ကျောင်း၊ အခြေခံပညာ ကျောင်းများ ၇၅၀၊ ဆရာ ဆရာမများ ၂၈၁၂ဦး၊ ကျောင်းသား ကျောင်းသူများ ၈၅၂၇၇ဦး၊ သက်မွေးမှုပညာလေ့ကျင့်ရေးကျောင်းနှင့် စက်ပြင် အလုပ်ရုံသုံးရုံ၊ အထောက်အပံ့ခံ ပရဟိတကျောင်း ၁၁ကျောင်းတို့ကို နိုင်ငံတော်က တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည်။

တစ်နိုင်ငံလုံးကို လွှမ်းခြုံကြည့်လျှင် ပညာရေး ကဏ္ဍအတွက် တက္ကသိုလ်ကောလိပ်ပေါင်း ၃၂ခုရှိခဲ့ရာမှ ယခု၁၅၄ခု ဖွင့်လှစ်နိုင်ခဲ့ပြီး အခြေခံပညာကျောင်းပေါင်း ၃၃၇၄၇ကျောင်းရှိခဲ့ရာမှ ယခု ၄၀၀၄၉ ကျောင်း ရှိလာခဲ့ပြီဖြစ်သည်။ ဘာသာရပ်၂၃မျိုးတွင် ပါရဂူဘွဲ့အထိ တိုးမြှင့် သင်ကြားပေးလျက်ရှိပြီး ဂြိုဟ်တုမှတစ်ဆင့် ထုတ်လွှင့်သည့် အီလက်ထရောနစ်သင်ယူမှု ဌာနပေါင်း ၃၀၄ခုကို တစ်နိုင်ငံလုံးတွင် ထူထောင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍအတွက် ယခင်ဆေးရုံပေါင်း ၆၃၁ရုံရှိခဲ့ရာမှ ယခု၇၇၄ရုံထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဆေးနှင့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၅ခုဖွင့်လှစ်ခဲ့သည်။ ပါရဂူဘွဲ့သင်တန်း ၁၄မျိုး၊ မဟာသိပ္ပံသင်တန်း ၂၀နှင့် ဒီပလိုမာသင်တန်း ၁၀မျိုးတို့ကို တိုးချဲ့သင်ကြားပေးလျက်ရှိသည်။

တိုင်းရင်းဆေးရုံ၁၀ရုံနှင့် ဆေးပေးခန်း ၂၁၄ခု အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ပရဆေးဥယျာဉ်ကိုးခု ထူထောင်နိုင်ခဲ့သည်။ တိုင်းရင်းဆေးသမားတော်ညီလာခံများ၊ တိုင်းရင်းဆေးပြပွဲများ နှစ်စဉ်ကျင်းပ ခဲ့ပြီး တိုင်းရင်းဆေးသိပ္ပံကို တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ခဲ့သည်။

ရခိုင်ရိုးရာအိမ်

ရှမ်းရိုးရာအိမ်

မြန်မာနိုင်ငံတွင် စိုက်ပ...
သည့် ဧရိယာဧက ၄၅သန်း...
လက်ရှိ စိုက်ပျိုးလျက်ရှိ...
ဧကသန်း ၃၀ခန့် ရှိပါသ...
ကျန်မြေလွတ် မြေရိုင်းမျ...
လည်း နိုင်ငံတော်က ဖော်...
လျက်ရှိပါသည်။

လမ်းပန်းဆက်သွယ်ရေး ...
ဖြင့် အရှေ့မှအနောက်သို့ ...
လုပ်ခဲ့သော ကားလမ်း ...
၁၃၆၃၅ မိုင်ရှိခဲ့ရာမှ ယခု ၁၇...
မိုင်ရှိလာခဲ့ပြီးဖြစ်သည်။ အ...
ဖောက်လုပ်ခဲ့သော ရထား...
သစ် ၉၉၈ မိုင်၊ ဖောက်လု...
၁၆၄ မိုင်ကျော်နှင့် ၅၁၅ မိုင်...
ဆက်လက်ဖောက်လုပ်ရန် ...
ထားပြီး ဖြစ်သည်။ တံတာ...
အနေဖြင့် ပေ ၁၈၀ အ...
တံတားကြီးပေါင်း ၁၆၆ ...
တည်ဆောက်ပြီး ဖြစ်သည်...

နိုင်ငံတော် အေးချမ်းသာ...
ရေးနှင့် ဖွံ့ဖြိုးရေး ကေ...
လက်ထက် ဖြစ်ထွန်း တိုး...
လာသော ဆည်မြောင်းတာ...
များနှင့် မြစ်ရေတင် စီမံ...
များမှာ ၁၉၈၈ခုနှစ်မှ ၂၀၀၃...
နိုဝင်ဘာလအထိ ဆည်မြေ...
တာတမံများ ၁၅၃ ခု၊ မြစ်ရေ...
စီမံကိန်းများ၊ ၂၆၅ခု၊ စိုက်...
ဖြစ်ထွန်းဧက ၂၀၀၀၀၀၀ ...
တည်ဆောက်ဆဲ ဆည်မြေ...
တာတမံ ၃၉ခု၊ တည်ဆောက်...
ဆည်တမံစီမံကိန်း ၈၄ခု၊ ...
သုံးစွဲ ဘဏ္ဍာငွေ ကျပ်သန်း...
၈၀၀၀၀ကျော် ဖြစ်သည်။

စက်မှုကဏ္ဍ အနေဖြင့် ...
၁၉၈၈–၈၉ တွင် စက်ရုံ အ...
ပေါင်း ၄၂၀၀၀ ကျော်ရှိခဲ့...
၂၀၀၀–၂၀၀၁ခုနှစ်တွင် ၅၇...
ကျော်အထိ တည်ဆောက်နိုင်...
လူဦးရေခုနစ်သန်း အလုပ်အ...
တိုးတက်ရရှိစေခဲ့သည်။နိုင်ငံ...
ဖွံ့ဖြိုးတိုးတက်ရေးအတွက် ...
တော်အစိုးရ၏ ကြိုးပမ်း...
ရွက်ချက်များကား အားရဂု...
ဖွယ် ကောင်းလှသည်။

ယနေ့ ကာလသည် တိုင်...
သား စည်းလုံးညီညွတ်မှုအင်...
မကြုံစဖူး မြင့်မားထွန်းကာ...
သောကာလဖြစ်သည်။ နိုင်ငံ...
၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု...
အခြေအနေ များသည်...
အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုး...
တော့မည့် လမ်းကြောင်းမှ...
သို့ ရောက်ရှိနေချိန်လည်း...
သည်။ သို့ဖြစ်ရာ ပြည်ထော...
ဖွား သွေးချင်းသားချင်း ညီ...
များဖြစ်သည့် တိုင်းရင်း...
ပြည်သူတစ်ရပ်လုံးသည် ရှ...
ရင့်ကျက် ခိုင်မာလာ...
ပြည်ထောင်စုကြီး၏ စွမ်းအ...
တိုင်းသစ်ပြည်သစ် ရွှေပြည်...
ဆီသို့ စည်းလုံး ချစ်ကြည်လ...
ညီညီဖြင့် ဆက်လက်ချီတ...
ပါစို့ဟု တိုက်တွန်းရေးသား...
ရပါသည်။ ။

# သားငါးဖွံ့ဖြိုးမှ ပြည့်အကျိုး

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စုနေ့အလံတော်ကို ပြည်သူ့ရင်ပြင် စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူစဉ်။ (သတင်းစဉ်)

**☆ (၅၇)နှစ်မြောက်မှ**

ရှေးဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့ နေရာယူပြီးနောက် ရန်ကုန်မြို့တော် ခန်းမ၌ တစ်နှစ်တာ ရပ်နားခဲ့သည့် ပြည်ထောင်စုအလံတော်သည် ရန်ကုန်တောင်ပိုင်းခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် ရန်ကုန် အနောက်ပိုင်းခရိုင်တို့တွင် တစ်ညတာစီ ရပ်နားခဲ့ပြီး နံနက် ၇နာရီ မိနစ် ၂၀တွင် ပြည်ထောင်စုလှေဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့သို့ ရောက်ရှိလာသည်။

ပြည်ထောင်စုလှေဖြင့် သယ်ဆောင်လာသည့် ပြည်ထောင်စုနေ့အလံတော်အား ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်ထံမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် ပြည်ထောင်စုနေ့အလံတော်သယ်ယူရေးအဖွဲ့က လက်ခံယူပြီး (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၏ ကိုယ်စားလှယ် ကယားပြည်နယ်မှ ဦးဖေဘီယံ၊ တပ်မတော် (ကြည်း၊ရေ၊လေ) ရဲအရာရှိများ၊ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းသား၊ အသင်းသူများခြံရံ၍ ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပမည့် ပြည်သူ့ရင်ပြင်သို့ သယ်ဆောင်လာရာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီး ဌာနမှ မင်္ဂလာစည်တော်ရွမ်းကာ ပြည်ထောင်စုနေ့ အလံတော်ကို ကြိုဆိုကြပြီး နံနက် ၇နာရီခွဲတွင် ပြည်ထောင်စုနေ့ အလံတော်အား ပြည်နယ်အလိုက် အထိမ်းအမှတ်သင်္ကေတ အမှတ်အသားများဖြစ်သည့် ကချင်ပြည်နယ်အတွက် မနောတိုင်ရုပ်ပုံ၊ ကယားပြည်နယ်အတွက် ကိန္နရာရုပ်ပုံ၊ ကရင်ပြည်နယ်အတွက် ဖားစည်ကို ကွဲချိုနှစ်ခု ဝန်းရံထားသောရုပ်ပုံ၊ ချင်းပြည်နယ်အတွက် အောက်ချင်းငှက်ရုပ်ပုံ၊ မွန်ပြည်နယ်အတွက် ဟင်္သာငှက်ရုပ်ပုံ၊ ရခိုင်ပြည်နယ်အတွက် သီရိဝစ္ဆနှင့် ခရုသင်းပုံ၊ ရှမ်းပြည်နယ်အတွက် ရှမ်းအမျိုးသား အိုးစည်တီးနေသည့် ရုပ်ပုံများ ပါရှိသော ပန်းချီကားချပ်များ၏ ရှေ့ရှိ စင်မြင့်ပေါ်မှ ငွေဖလား၌ စိုက်ထူလိုက်ပြီး (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား သဘာပတိအဖွဲ့ဝင်များက စင်မြင့်ပေါ်တွင် နေရာယူကြသည်။

**နေရာယူ**

အဆိုပါ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗဟိုရုံး အကြီးအကဲများ၊ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ တိုင်းနှင့်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထူးအရာရှိများ၊ ဝန်ကြီးဌာန ရုံးအဖွဲ့မှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်နှင့် ဌာနမှူးများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ အခမ်းအနား ကျင်းပရေး လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင် ဌာနဆိုင်ရာအကြီးအကဲများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း ၁၆ ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြို့နယ်ပညာရေးမှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပြည်တွင်း၊ ပြည်ပမှ သတင်းစာဆရာများ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်၊ တိုင်းများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၂၀၀ကျော်တို့က ပြည်သူ့ရင်ပြင်၌ တက်ရောက်နေရာယူထားကြသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာရေးနှင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်အတွက် အခမ်းအနား တက်ရောက်လာကြသည့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့ဝင်များအား ပြည်ထောင်စုနေ့ကျင်းပရေး လုပ်ငန်းအဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အတူ နေရာချထားပေးသည်။

**တက်ရောက်**

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၃၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်း အင်အား ၅၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်း အင်အား ၁၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များမှ စုစုပေါင်းအင်အား ၅၀၀ စုစုပေါင်း အင်အား ၉၅၀၀ ကျော်တို့သည် ပြည်သူ့ရင်ပြင် ဂိတ်အသီးသီးမှ ဝင်ရောက် နေရာယူကြရာ အခမ်းအနားသို့ ဖိတ်ကြားထားသူများနှင့် ပြည်သူလူထု စုစုပေါင်းအင်အား ၁၀၇၀၀ ကျော် တက်ရောက်ကြသည်။

**ဖတ်ကြားကြေညာ**

ထို့နောက် နံနက် ၇နာရီခွဲတွင် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို စတင်ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား အစီအစဉ်များကို အခမ်းအနားမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်က ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေးအဖွဲ့ သဘာပတိအဖွဲ့ဝင်များက နေရာယူကြသည်။

ဆက်လက်၍ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖတ်ကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ပြည်ထောင်စုနေ့အလံတော်ကို ပြည်သူ့ရင်ပြင် စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူပြီး ပြည်သူများနှင့်အတူအလေးပြုကြစဉ်။ (ကြေးမုံ)

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၂-၂၀၀၄ (သောကြာနေ့)**

**၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးစူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း

၈:၀၀ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၈:၂၀ ၈။ တံငါတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ English for Everyday Use.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၂၅ ၃။ Practice in Reading.

၄:၄၀ ၄။ တေးဂီတအစီအစဉ်

၅:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြုများ) (ရူပဗေဒ)

၅:၁၀ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၅:၂၅ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ

၅:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ

၅:၄၅ ၉။ နှောင်းခေတ်တေးပဒေသာ

၅:၅၅ ၁၀။ စက်မှုတပ်ဆင်လုပ်ငန်းတွင် (အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းဝင်း)

၆:၀၀ ၁၁။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၆:၁၅ ၁၂။ Discovery.

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ Milo Success in Soccer.

၇:၁၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၁၇)**

၇:၄၀ ၁၇။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "သားချင်းတို့စုစည်းရာ ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ"

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း ဥမကွဲသိုက်မပျက် (အပိုင်း-၁) (ဇင်ဝိုင်း၊ဇော်ဦး၊ မင်းမော်ကွန်း၊မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ဟန်နီထွန်း၊ စိုးမြတ်နန္ဒာ၊အိန္ဒြာကျော်ဇင်၊ ရတနာခင်) (ဒါရိုက်တာ- ညွန့်မြန်မာညီညီအောင်)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

## ဥပုသ်နေ့နှုတ်ဆက်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှုတ်ဆက်အပ်ပါသည်။

## သဝဏ်လွှာဖတ်ကြား

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတင်အခမ်းအနားတွင် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဖတ်ကြားစဉ်။ (ကြေးမုံ)

● စာမျက်နှာ ၁၀ မှ

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့သည် နံနက် ၇နာရီ မိနစ် ၅၀တွင် ပြည်သူ့ရင်ပြင်စင်မြင့်ပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့ အလံတော်အား ပြန်လည်နုတ်ယူ၍ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနား သဘာပတိအဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းသား၊ အသင်းသူများ ခြံရံ၍ ပြန်လည်သယ်ဆောင်ကာ ပြည်သူ့ရင်ပြင်ရှေ့ ပြည်လမ်းမပေါ်သို့ အရောက်တွင် အသင့်စောင့်ကြိုနေသော ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်း အမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်သို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ၂၀၀၄ခုနှစ်(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင် က တပ်မတော် (ကြည်း၊ရေ၊လေ)၊ ရဲအရာရှိကြီးများ၊ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများ ခြံရံ၍ သယ်ဆောင်သွားပြီး တစ်နှစ်တာ ရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ဆက်လက်သယ်ဆောင်ရန် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

### သယ်ဆောင်

ထို့နောက် ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့ အလံတော်အား တပ်မတော်(ကြည်း၊ရေ၊လေ)၊ရဲအရာရှိများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်သူ့ရင်ပြင်မှတစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ခန်းမသို့ ပြည်လမ်းမှ ဘုန်းကြီးလမ်း၊ ထိုမှ မဟာဗန္ဓုလလမ်းအတိုင်း ဆူးလေဘုရားလမ်းကိုဖြတ်ကာ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်သွားသည်။

ပြည်ထောင်စုလှေဖြင့် ပြည်ထောင်စုနေ့ အလံတော် ဖြတ်သန်းသွားသည့် ဒဂုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ် လမ်းတစ်လျှောက် မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုဆရာမများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူလူထုများက ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ ပြည်ထောင်စုနေ့အလံတော်ဖြတ်သန်းသွားသည့် မြို့နယ်များ၌ "ပြည်ထောင်စု အလံတော်အားလိုက်လှဲစွာကြိုဆိုပါ၏" စာတန်းပါ လမ်းဖြတ်နဖူးစည်းများဖြင့်လည်းကောင်း၊ လမ်းခရီးတစ်လျှောက် ဝဲ/ယာ တစ်ဖက်တစ်ချက်တို့တွင် ပြည်ထောင်စု အလံများ၊ ရောင်စုံအလံများ လွှင့်ထူ၍ လည်းကောင်း၊ အစိုးရရုံးများ၊ ဈေးဆိုင်များ၊ လူနေအိမ်များ၌ ပြည်ထောင်စု အလံများလွှင့်ထူ၍ လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည်။

### လွှဲပြောင်းပေးအပ်

ပြည်ထောင်စုနေ့ အလံတော်သည် မြို့တော်ခန်းမရှေ့သို့ အရောက်တွင် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး၊ မြေစိုက်ပိုစတာနှင့် ပြည်နယ် အထိမ်း အမှတ် ပိုစတာစိုက်ထူရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်က ပြည်ထောင်စုလှေပေါ်သို့ တက်ရောက်၍ ပြည်ထောင်စု အလံတော်အား နုတ်ယူသယ်ဆောင်လာပြီး အသင့်စောင့်ဆိုင်းနေသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံလွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြည်ထောင်စုနေ့ အလံတော်အား တပ်မတော်(ကြည်း၊ရေ၊လေ) ရဲအရာရှိများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းသား၊ အသင်းသူများခြံရံ၍ သယ်ဆောင်သွားကာ နံနက် ၈နာရီခွဲတွင် တစ်နှစ်တာရပ်နားမည့် ရန်ကုန်မြို့တော်ဝန်၏ ညှိနှိုင်းခန်းမစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူပြီး ပြည်ထောင်စုနေ့ အလံတော်အား အလေးပြုကြသည်။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ်အစိုးရရုံး အဆောက်အအုံများ၊ ပန်းခြံများ၊ လမ်းများ၊ တံတားများ၊ ဈေးများနှင့် ကျောင်းများတွင်ပြည်ထောင်စုနေ့ အလံများလွှင့်ထူထားကြသည်။(သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် မကွေးတိုင်းတွင် လုပ်ငန်းဆိုင်ရာ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မကွေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား လုပ်ငန်းဆိုင်ရာ ရှင်းလင်းသည့် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီတွင် မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

### တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီနှင့်ဒေါ်သန်းသန်းနွဲ့၊အတွင်းရေးမှူးများအဖွဲ့ဝင် ဒေါက်တာ ဒေါ်စန်းရွှေ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသည့် ဒေါ်မြမြ၊ ပါမောက္ခ ဒေါ်မင်းသက်မွန်နှင့် ဒေါ်ကြည်ကြည်မြ အထောက်အကူပြုအဖွဲ့ဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြတ်ကို၊မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်မိမိနှင့် ဒေါ်ရီရီ၊ အဖွဲ့ဥက္ကဋ္ဌနှင့် အလုပ် အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၄၅၀ခန့်တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အမျိုးသမီးများ၏ စွမ်းအားစုကို နိုင်ငံတော်တည်ဆောက်ရာတွင်ထိရောက်စွာ အသုံးချစေရေး၊ အမျိုးသမီးများ၏ဘဝလုံခြုံရေး စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အစိုးရမဟုတ်သော အဖွဲ့ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်တို့၏ လုပ်ငန်းကဏ္ဍ အသီးသီးတို့ကိုရှင်းလင်းပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် "အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဟူသော အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေက ဖွဲ့စည်းပုံနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားပြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်အဖြစ် ပါဝင်လိုသူများလျှောက်ထားနိုင်ပုံတို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ အမျိုးသမီးငယ်/ရွယ်နှင့် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ဖွဲ့စည်းမှုနှင့်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ပြန်ကြားဆက်သွယ်ရေး၊ စည်းရုံးရေး၊ စည်းကမ်း ထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး/ စီမံရေးရာလုပ်ငန်းအဖွဲ့တို့၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဒေါ်မင်းသက်မွန်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့တို့၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့တို့၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို အသီးသီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့အလှူငွေများ ပေးအပ်ကြရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသော ငွေကျပ်ငါးသိန်းကို နာယက ဒေါ်ခင်မိမိက လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်ငါးသိန်းကို တိုင်းအထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက လည်းကောင်း လှူဒါန်းကြရာ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံရယူပြီး ကျေးဇူးတင်မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီးနောက် အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီနှင့် ဒေါ်သန်းသန်းနွဲ့တို့ ဦးဆောင်သည့် အဖွဲ့တို့က အစည်းအဝေး တက်ရောက်လာကြသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

# (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်မှ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအစီအစဉ်အရ ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သီဟဒီပ အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌လည်းကောင်း တစ်ညတာစီရပ်နားခဲ့သော ပြည်ထောင်စုနေ့အလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းမှ ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပရာ ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ပြည်ထောင်စုလှေဖြင့် ခမ်းနားထည်ဝါစွာ သယ်ဆောင်ကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့တော်ခန်းမသို့ ဆက်လက်သယ်ဆောင်ကြကာ ရန်ကုန်မြို့တော်ဝန်၏ ဧည့်ခန်းမစင်မြင့်ရှိ ငွေဖလား၌ ပြည်ထောင်စုနေ့အလံတော်သည် တစ်နှစ်တာ ရပ်နားသည်။**

### တက်ရောက်

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအစီအစဉ်အရ ရန်ကုန်အနောက်ပိုင်းခရိုင် ကိုယ်စားပြု လှိုင်သာယာမြို့နယ် အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့က တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုနေ့ အလံတော်ကို ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်သို့ ဆက်လက်သယ်ဆောင်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် အားကစားကွင်း၌ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေး ဆပ်ကော်မတီဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့မှ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသင်းဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့မှ ပြည်သူများ စုစုပေါင်း အင်အား ၈၀၀၀ကျော် တက်ရောက်ကြသည်။

### အလေးပြု

ရှေးဦးစွာ ပြည်ထောင်စုနေ့ အလံတော်ကို တက်ရောက်လာကြသော ပြည်သူလူထုကြီးက ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ တပ်မတော်(လေ) စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်ပေးသည်။

ထို့နောက် နံနက် ၆ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦးတို့နှင့်အတူ ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံလျက် အားကစားကွင်း အတွင်း သတ်မှတ်လမ်းကြောင်းအတိုင်း သယ်ဆောင်လာရာ ကြည့်မြင်တိုင်မြို့နယ် စေတနာသမ္မာရဝတ်အသင်း မင်္ဂလာ စည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ လသာ မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းနှင့် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များနှင့် ပန်းဖွား အဖွဲ့များက ဘင်ခရာများ တီးမှုတ်၍ ပန်းဖွားအကများဖြင့် လည်းကောင်း ဂုဏ်ပြုကြိုဆိုကြသည့်အပြင် အားကစားကွင်း အတွင်း၌ အသင့်စောင့်ဆိုင်းနေကြသော ပြည်သူလူထုကြီး ကလည်း ပြည်ထောင်စုနေ့ အလံတော်ကို အလေးပြုကြသည်။

### သောင်းသောင်းဖြဖြကြိုဆို

ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စု နေ့ အလံတော်ကို လမ်းမတော်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇာလီဘုန်းနိုင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီး ထိုမှတစ်ဆင့် ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဆိပ်ကမ်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကြည် ခေါင်းဆောင်သော အလံတော်သယ်ယူ ရေးအဖွဲ့၊ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့နှင့် အလုံမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း ခေါင်းဆောင်သော အလံတော်သယ်ယူရေး အဖွဲ့တို့က ပြည်ထောင်စုနေ့ အလံတော်ကို လှိုင်သာယာမြို့နယ် အားကစားကွင်းမှ လှိုင်သာယာစက်မှုဇုန် ကနောင် မင်းသားကြီးလမ်းပေါ်ရှိ ပြည်ထောင်စုလှေဆီသို့ မြင်းဝန် ဦးအောင်သူလမ်းနှင့် ဦးရွှေမြူးလမ်းအတိုင်း အဆင့်ဆင့် လက်ဆင့်ကမ်း၍ သယ်ဆောင်ရာ လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူ များ စုစုပေါင်း ၁၀၀၀၀ ကျော်တို့က သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုနေ့အလံတော်ကို ပြည်ထောင်စု လှေအနီး၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အနောက်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံ လွှဲပြောင်းပေးအပ်ရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ပြည်ထောင်စုနေ့အလံတော်ကို တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် ပြည်ထောင်စုလှေပေါ်သို့ ဆက်လက်သယ်ဆောင်သည်။

### ငွေဖလား၌စိုက်ထူ

ယင်းနောက် နံနက် ၆နာရီ မိနစ် ၄၀တွင် ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က ပြည်ထောင်စုနေ့ အလံတော်ကို ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူ လိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ အလံတော်ကို ပြည်ထောင်စုလှေဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦးတို့နှင့်အတူ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါလျက် လှိုင်သာယာစက်မှုဇုန်ရှိ ကနောင်မင်းသားကြီးလမ်းမှ တစ်ဆင့် ရန်ကုန်–ပုသိမ် လမ်းမကြီးအတိုင်း ဘုရင့်နောင်တံတားကို ဖြတ်သန်း၍ ဘုရင့်နောင်လမ်းဆုံအထိ လည်းကောင်း၊ ထိုမှတစ်ဆင့် ဘုရင့်နောင်လမ်းနှင့် နာနတ်တောလမ်းတို့မှ တစ်ဆင့် ပြည်လမ်းအတိုင်း ပြည်သူ့ရင်ပြင်သို့ ခမ်းနားထည်ဝါစွာဖြင့် သယ်ဆောင်လာရာ ရန်ကုန်–ပုသိမ် လမ်းမကြီးတစ်လျှောက် ဘုရင့်နောင်တံတားအထိ လှိုင်သာယာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ် တပ်ဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တပ်မတော်သားများ နှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း၁၀၀၀၀ ကျော်တို့က နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်း ကောင်း၊ လှိုင်သာယာမြို့နယ် FMI City အနီးတွင် လှိုင်သာယာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့က ဘင်ခရာ တီးမှုတ်၍ ပန်းဖွားအကများဖြင့် ဂုဏ်ပြုကြိုဆို၍လည်း ကောင်း၊ ဘုရင့်နောင်တံတားအဆင်းနှင့် ဘုရင့်နောင်လမ်း တစ်လျှောက်၊ နာနတ်တောလမ်းနှင့် ပြည်လမ်းတစ်လျှောက် တို့တွင် မရမ်းကုန်းမြို့နယ်၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ် နှင့် စမ်းချောင်းမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသား များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၂၅၀၀၀ကျော်တို့က အလံတော် ဖြတ်သန်းရာ လမ်းဘေး ဝဲယာတစ်လျှောက် နိုင်ငံတော်အလံ နှင့် ရောင်စုံအလံများ စိုက်ထူ၍လည်းကောင်း၊ "(၅၇)နှစ် မြောက် ပြည်ထောင်စုနေ့ အလံတော်အား လှိုက်လှဲစွာ ကြိုဆိုပါ၏" စာတန်းပါ လမ်းဖြတ်ဆိုင်းဘုတ်များဖြင့်လည်း ကောင်း၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ မင်္ဂလာစည်တော်အဖွဲ့များက စည်တော်ရွှမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ်အကများနှင့် တိုင်းရင်းသားရိုးရာ အဆို၊ အကများဖြင့်လည်းကောင်း၊ ဟံသာဝတီအဝိုင်း၌ ကမာရွတ် မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၉) အခြေခံပညာအထက်တန်း ကျောင်းတို့မှ ကျောင်းသူလေးများ၏ ဘင်ခရာနှင့် ပန်းဖွား အကအဖွဲ့များ အပါအဝင် လမ်းတစ်လျှောက်ရှိ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များက ဘင်ခရာတီးမှုတ်၍ ပန်းဖွားအက များဖြင့်လည်းကောင်း၊ ပြည်ထောင်စုနေ့ အလံတော်ကို သောင်းသောင်းဖြဖြ လှိုက်လှဲစွာဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

**ပြည်ထောင်စုနေ့ အလံတော်အား ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်ထံမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအဖွဲ့ လက်ခံ ယူစဉ်။** (သတင်းစဉ်)

### လွှဲပြောင်းပေးအပ်

ပြည်ထောင်စုနေ့ အလံတော်ကို သယ်ဆောင်လာ သည့် ပြည်ထောင်စုလှေသည် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင် အခမ်းအနားကျင်းပမည့် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်ရှေ့ သတ်မှတ်နေရာ သို့ ရောက်ရှိပြီးနောက် ပြည်ထောင်စုနေ့ အလံတော်ကို နံနက် ၇နာရီ မိနစ် ၂၀တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က အလေးပြု၍ ပြည်ထောင်စု လှေပေါ်ရှိ ငွေဖလားမှနုတ်ယူကာ တပ်မတော်(ကြည်း၊ရေ၊ လေ)နှင့် ရဲအရာရှိ လေးဦးတို့နှင့်အတူ တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံလိုက်ပါကာ သယ်ဆောင်လာပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဦးစီးသည့် အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်လိုက်သည်။ (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ကောက်သစ်ထမနဲပွဲတော်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာ–အာဆီယံ အမျိုးသမီးချစ်ကြည်ရေးအသင်းတို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ သံတမန်အသိုင်းအဝိုင်းအတွင်း အပြန်အလှန် နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးပွားလာစေရန်အတွက် ကောက်သစ် ထမနဲပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဓမ္မဝါရိပ်သာ မြက်ခင်းပြင်၌ကျင်းပရာ ရန်ကုန်မြို့တွင် ရုံးစိုက်သော သံရုံးများမှ သံတမန်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ မြန်မာ့ရိုးရာ ထမနဲထိုးပွဲကို စိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြသည်။**

အဆိုပါ ကောက်သစ်ထမနဲပွဲတော်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး ဒေါ်စံယုံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ နိုင်ငံခြားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ တက်ရောက်ချီးမြှင့်ကြသည်။

တပို့တွဲလ (ဖေဖော်ဝါရီလ)သည် မြန်မာပြက္ခဒိန်တွင် ၁၁လမြောက်ဖြစ်ပြီး ကောက်ပဲသီးနှံအသစ်များ စတင်ပေါ်ထွန်းသော လလည်းဖြစ်သည်။ ထို့ကြောင့် ထမနဲပွဲတော်သည် မြန်မာတို့၏ ကောက်သစ်ပွဲတော်ဟုလည်း ခေါ်ဆိုနိုင်သည်။

ထမနဲသည် ကောက်ညှင်းဆန်၊ ဆီ၊ ချင်း၊ အုန်းသီးဆန်၊ နှမ်း၊ မြေပဲနှင့် ဆားတို့ကို အချိုးကျကျ ပေါင်းစပ်ထိုးထားသောကြောင့် အလွန်အရသာရှိသော အစားအစာ တစ်မျိုးဖြစ်ကာ ထမနဲကို အိမ်ပြင်တွင် စုပေါင်းထိုးကြပြီး အများအားဖြင့် ကာလသားများက သံဒယ်အိုးကြီးထဲတွင် အထက်ပါ ပစ္စည်းများကို စုပေါင်း၍ လှော်တက်ခန့်ရှိသည့် သစ်သားယောက်မကြီးများ အသုံးပြုပြီး အလှည့်ကျ ထိုးကြရသည်။

ယနေ့ကျင်းပသည့် ကောက်သစ် ထမနဲပွဲတော်သည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ် သံတမန် ထမနဲပွဲတော်ကို ယမန်နှစ်က စတင်ကျင်းပခဲ့သည်။ ဤပျော်စရာကောင်းသော ကောက်သစ်ထမနဲပွဲတော်သည် ရန်ကုန်မြို့ရှိ သံတမန် အသိုင်းအဝိုင်းအတွက် ဒုတိယအကြိမ် နှစ်စဉ်ဆုံစည်းရာ ပွဲတော်တစ်ရပ် ဖြစ်လာခဲ့သည်။ (သတင်းစဉ်)

## အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများ ဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

PES (Practical English Speaking) U Win Maw (Research) အင်္ဂလိပ် စကားပြော သင်တန်းတွင် တက္ကသိုလ်အဆင့်နှင့် ဘွဲ့ရပြီးသူများအတွက် အင်္ဂလိပ်ဘာသာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်မှုဆိုင်ရာ General English Courses သင်တန်းများဖြစ်သည့် အခြေခံ Grammar နှင့် Speaking လေးလ၊ အဆင့်မြင့် English Grammar လေးလ၊ အဆင့်မြင့် Spoken English လေးလ၊ အဆင့်မြင့် Vocabulary & Reading လေးလ၊ အသံထွက် သဒ္ဒဗေဒပညာရပ် Phonetics တစ်လခွဲ စသည့် လစဉ်ပုံမှန်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ TOEFL. IELTS, KET, GCE, LCCI စသည့် သင်တန်းများကိုလည်း များစွာ အထောက်အကူပြုကြောင်း သိရသည်။

အဆင့်မြင့် English Grammar လေးလနှင့် အဆင့်မြင့် Vocabulary & Reading လေးလသင်တန်း တက်နေသူများအတွက် အဆင့်မြင့် Essay နှင့် Letter ရေးနည်းသင်တန်းများကို အထူးအစီအစဉ်သစ်တစ်ရပ် အနေဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ် သိလိုပါက အမှတ်(၁၈) ရတနာလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ယုဇနကုန်တိုက်အနီး ရန်ကုန်မြို့၊ ဖုန်း–၅၀၃၉၈၄နှင့် ၂၂၄၂၈တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (က–ပ)

# အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး မူဝါဒလမ်းစဉ်ခုနစ်ရပ် အကောင်အထည်ဖော်ရာတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၉ရက် နံနက် ၇နာရီခွဲတွင် ဂန့်ဂေါမြို့ မြို့ခင်းသာတောင်ကျောင်း၌ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် မြို့နယ် သံဃနာယကဆရာတော်များအား သွားရောက်ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာလုပ်ငန်းများကို လျှောက်ထားသည်။**

ထို့နောက် ဝန်ကြီးသည် နံနက် ၈နာရီတွင် ဂန့်ဂေါမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ဂန့်ဂေါမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်ပြည်သူလူထုများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့် လူမျိုး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍအစုံတွင် နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသည့်အတွက် ယခုအခါ နိုင်ငံအဝန်း ဖွံ့ဖြိုးတိုးတက်လာပြီးပြည်သူလူထုအား အဘက်ဘက်မှ အကျိုးပြုလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းငါးရပ်ကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ဖြင့် အကောင်အထည်ဖော်ရာတွင်လည်း ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ်နှစ်သိန်း၊ ဂန့်ဂေါမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ငွေကျပ်နှစ်သိန်း၊ ဂန့်ဂေါခရိုင်အတွင်းရှိ စာသင်ကျောင်းများအတွက် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာတမ်းများ၊ ကျေးရွာများအတွက် အဝတ်အထည်နှင့် ဆပ်ပြာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ကျေးရွာပြည်သူများ၊ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇဟောကျေးရွာနှင့် ပြည့်ဝကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ ရုပ်မြင်သံကြားစက်နှစ်လုံးကိုလည်းကောင်း၊ ဂန့်ဂေါမြို့နယ် ဗိဒီယိုအခြေခံအဖွဲ့မှ ဖွံ့ဖြိုးဝေစည် မြန်မာပြည် စာအုပ်များကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာ စာကြည့်တိုက်မှူးများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဂန့်ဂေါမြို့နယ် ပျားကျေးရွာသို့ ရောက်ရှိ၍ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာနှင့် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ကျေးရွာလူထုနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပျားကျေးရွာ သာသနာ့ရိပ်သာကျောင်းအတွက် အလှူငွေကျပ်ငါးသောင်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ၊ ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့် ဆပ်ပြာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ဆက်လက်၍ ပျားကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရုပ်မြင်သံကြားစက် တစ်လုံးလှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံသည်။

ထို့နောက်ဝန်ကြီးသည်ညောင်လယ်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာမူလတန်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ထီးလင်းမြို့နယ် ရေမျက်နီကျေးရွာသို့ ရောက်ရှိပြီး ပြည်သူလူထုနှင့် တွေ့ဆုံကာ အထက်တန်းနှင့် အလယ်တန်း ကျောင်းသုံး ဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာ ပြည်သူလူထုအတွက် ဆပ်ပြာများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် ဂန့်ဂေါမြို့နယ် ကျောကျေးရွာသို့ ရောက်ရှိပြီး ကျောတိုက်နယ်ဆေးရုံ ကိုယ့်အားကိုယ်ကိုး တိုးချဲ့ဆောင် ဆောက်လုပ်နေမှု၊ ခတ်မှန်ခန်း ဆောက်လုပ်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ပုလဲမြို့နယ် လယ်ခမ္မကျေးရွာ ပြည်သူလူထုအား တွေ့ဆုံ၍ ည ၇နာရီတွင် ပုလဲမြို့နယ် ဦးနှောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ပြီး ပညာဘဏ်တိုက် စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံမှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ဦးနှောက်ကျေးရွာ မူလတန်းလွန်ကျောင်း ပရိဘောဂများ ဝယ်ယူရန်အတွက် အလှူငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့် ဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် စာအုပ် စာတမ်းများ၊ ကျေးရွာပြည်သူလူထုအတွက် အဝတ်အထည်နှင့် ဆပ်ပြာများကို လည်းကောင်း လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

### လှူဒါန်း

အဆိုပါ ဦးနှောက်ကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် အပြီးသတ်ဆောက်လုပ်ရန် လိုအပ်နေသော ကြမ်းခင်းနှင့် ပြတင်းတံခါးများအတွက် မန္တလေးမြို့ ရောမင်းသိန်း ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်က တာဝန်ယူလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းအသီးသီးတို့မှ လှူဒါန်းသော စာအုပ် စာတမ်းများကို ကျေးရွာစာကြည့်တိုက်မှူးက လက်ခံသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာသို့ ရောက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ဦးဆောင်စည်းရုံးမှုဖြင့် ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းကူညီဆောင်ရွက်ပေးသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီ ၉ရက်က စစ်ကိုင်းတိုင်း ပုလဲမြို့နယ် မင်းတိုင်ပင်အထက နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ဆွေးနွေးမှာကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီ ၉ရက်က မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပျားကျေးရွာ ကျေးလက်ပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေး မှာကြားစဉ်။**

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီတွင် မုံရွာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ အစွန်အဖျား ကျေးလက်ဒေသများသို့ပါ ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရေး၊ နယ်လှည့် စာကြည့်တိုက်များကို ကျေးရွာတိုင်းသို့ တစ်ခေါက် မရောက်ရောက်အောင် သွားရောက်၍ ပြည်သူများ အသိပညာပြန့်ပွားအောင် ဆောင်ရွက်ရေး၊ ကျေးရွာတိုင်းသို့ သတင်းစာ (သို့မဟုတ်) ဂျာနယ်တစ်စောင် ရောက်ရှိအောင် ဆောင်ရွက်ရေး၊ ပြန်ကြားရေးလုပ်ငန်းများကို သွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၅ရက် မွန်းလွဲပိုင်းတွင် ကျောက်တံတားမြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ် မီးသတ်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မီးဘေး ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်ရှိရေး၊ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် မီးသတ်ယာဉ်များ စက်သုံးဆီသုံးစွဲမှု အခြေအနေများ၊ ဝန်ထမ်းသက်သာချောင်ချိရေး ကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၃-၂-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၂၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၀** ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးဖို့ချမှု အစီအစဉ်** The Psychology of Communication (ဒုတိယနှစ် စိတ်ပညာ)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၁၆)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လွှိုပုနှင့်သောင်းချမ် (အပိုင်း-၃၀)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

# ကျေးဇူးတင်လွှာ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့၌ Sedona Hotel တွင် ကျင်းပပြုလုပ်သော ကျွန်တော်၊ ကျွန်မတို့၏ **"မင်္ဂလာဧည့်ခံပွဲ"**သို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဝိုင်းဝန်းကူညီကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**ဒေါက်တာသဲထက်ဦး–ဒေါက်တာသူသူအိဟန်။**

**Myanmar Openဂေါက်သီးရိုက် ပြိုင် ပွဲ ၏ ပထမနေ့ (၁၈) ကျင်း ပြိုင်ပွဲတွင် Hole - In One ရရှိသော မြန်မာနိုင်ငံမှ အောင်ဝင်း (Y. C. D. C) ယှဉ်ပြိုင်စဉ်။**

(က–ပ)

# ကျေးဇူးတင်လွှာ

Sedona Hotel ပြည်ထောင်စုနေ့တွင် ကျင်းပပြုလုပ်သော **"မင်္ဂလာဧည့်ခံပွဲ"** ဖြစ်မြောက်ရေးအတွက် မေတ္တာဖြင့် ကူညီပေးကြသော–

Dr. မျိုးသန့်–ဒေါ်ယုဇော်

ဦးမောင်မောင်ဆွေတင်–Dr. မြသီတာဆွေတင်

Dr. ပြုံးပြုံးဟန်

မမဥ္ဇူ(အင်းယားလမ်း)

မတင်မိုးလွင်

ဦးအောင်ထွန်းနိုင်(ပြည်မြန်မာ)

Sedona Hotel မှ ဝန်ထမ်းများနှင့် ဝိုင်းဝန်းကူညီကြသူများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**Dr.သဲထက်ဦး–Dr.သူသူအိဟန်။**

MYANMAR
OPEN

## မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

M.P.G.A နှင့် Asian Tour တို့ ပူးပေါင်း၍ Rothmans of Pall Mall Myanmar Pte., Ltd. က အဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ (First Round of Myanmar Open 2004)၏ ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ တည်င်းကုန်း ရန်ကုန်ဂေါက်ကလပ်၌ စတင်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်၊ M.G.F အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ Rothmans of Pall Mall Myanmar Pte., Ltd.မှ မန်နေဂျင်းဒါရိုက်တာ Mr. Arend Ngနှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မြန်မာနိုင်ငံမှ အောင်ဝင်းသည် Jason Knutzon (အမေရိကန်ပြည်ထောင်စု)၊ Lee Sung-Man (ကိုရီးယားသမ္မတနိုင်ငံ)တို့နှင့်အတူ Myanmar Open ပထမနေ့ (၁၈)ကျင်း ယှဉ်ပြိုင်ကစားကြပြီး Callaway No.(2) ဘောလုံးကို Wilson Fat Shaft 8 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၂ကိုက် အကွာအဝေးတွင်ရှိသော အမှတ်(၁၁)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ပြိုင်ပွဲ၏ ပထမနေ့ (၁၈)ကျင်း ကစားအပြီးတွင် Mo Joong Kyung (ကိုရီးယားသမ္မတနိုင်ငံ)က သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ပြီး ၆၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယနေ့ (၁၈)ကျင်း ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၇နာရီတွင် ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

"ညီလေးသဲသဲနှင့် ညီမလေးသူသူတို့
"သက်ဆုံးတိုင်ရှင်လန်းချမ်းမြေ့
သာယာအပေါင်း ခညောင်းပါစေ"

ကိုကြီးရန်နိုင်စိုး
ခေတ္တ–ဂျပန် (2nd Mate FG)

## အင်္ဂလိပ်စကားပြောသင်တန်းများဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ဆရာအာသာ၊ ဘီအေ(အင်္ဂလိပ်စာ)၊ ဒီပလိုမာ(အင်္ဂလိပ်စာသင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာဘွဲ့ရ ဆရာ၊ ဆရာမများက အလယ်တန်းအဆင့် ကလေးများအတွက် အင်္ဂလိပ်စကားပြောနှင့် Grammar အခြေခံကောင်းများ ပျိုးထောင်ပေးမည့် နွေကျောင်းပိတ်ရက်သင်တန်းများအား မတ်လဆန်းမှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်သည်။ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်ပတွင် တာဝန်ထမ်းဆောင်မည့်သူများ၊ လုပ်ငန်းခွင်ဝင်လိုသူများနှင့် အင်္ဂလိပ်စကားအသုံးချရန် လိုအပ်သူများအတွက် အထူးသင့်လျော်သည့် Spoken English သင်တန်းနှင့် Intermediate Level General English Proficiency သင်တန်းများအား ဖေဖော်ဝါရီ ၇၊ ၁၆၊ ၂၃ ရက်များတွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက်လည်း ရေရှည်တက်ရောက်နိုင်ရန် ရည်ရွယ်၍ Success English Language Club အား ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ စိတ်ပါဝင်စားသူများသည် Success Language Academy အမှတ်–၄၅၇(တတိယထပ်) ကုန်သည်လမ်း (ဘိုကလေးဈေးလမ်းထောင့်) ဂမုန်းပွင့်ကုန်တိုက်ရှေ့ ဗိုလ်တထောင်မြို့နယ် ဖုန်း–၂၈၅၇၂၄ သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

## မင်းကွန်းတောင်ရိုး ဆရာတော် အရှင်ခမ္မသာရ တရားပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မင်းကွန်းတောင်ရိုး ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖြစ် ဆရာတော် အရှင်ခမ္မသာရ၏ တရားပွဲစဉ်များကို ဖေဖော်ဝါရီ ၁၃ရက်၌ တာမွေမြို့နယ် ကျောက်မြောင်း ဩဘာလမ်း ခမ္မရက္ခိတခမ္မာရုံ၊ ဖေဖော်ဝါရီ ၁၄ရက်နှင့် ၁၅ရက်တွင် ဇလွန်မြို့ ပြည်တော်ပြန်ဘုရားကြီးနှင့် ဖေဖော်ဝါရီ ၁၈ရက်တွင် သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

ဝယ်ယူအားပေးသူများသိစေရန်နှင့် ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

Umbrella
ASAHI

Umbrella
ASIA

## AIT Early Learning Centre ဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာပြည်တွင် ပထမဆုံးသော ကမ္ဘာ့အဆင့်မီ သင်ရိုးဖြင့် Preschool ထူထောင်ရန် SYSCOM International Group, Singapore က ဦးဆောင် တည်ထောင်ဖွင့်လှစ်ထားသော AIT Early Learning Centre ကို မြန်မာပြည်၏ Master Franschisee အဖြစ် PMC Group က စတင် ဆောင်ရွက်နေပြီဖြစ်သည်။

ကျောင်း၏ တည်နေရာကို အမှတ်–၁၅ /ခ ပြည်ထောင်စုလမ်း ဆရာစံ(မ/န)ရပ်ကွက် ဗဟန်းမြို့နယ် ကုက္ကိုင်း ရေကူးကန်အနီး ဖုန်း–၅၄၀၇၀၉ တွင် ဖွင့်လှစ်ထားသည်။

ဖေဖော်ဝါရီ ဒုတိယအပတ်မှ စတင်၍ ကျောင်းသားလက်ခံပြီး မတ်လ ပထမပတ်တွင် ကျောင်းဖွင့်လှစ်မည်ဖြစ်ကာ ကျောင်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။

အသေးစိတ် အချက်အလက်များကို သိရှိရန်နှင့် တွေ့ဆုံဆွေးရန် AIT Early Learning Centre , Master Franchisee (Myanmar) အခန်း (၀၁) ၁၂–ထပ် အိုလံပစ်တာဝါ ဗိုလ်အောင်ကျော်လမ်း ဖုန်း–၂၄၃၁၆ဒ နှင့် ၂၅၆၆၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

## ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

၁။ **Admin Manager** ကျား/မ (၁)ဦး

ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်ပြီး စီမံခန့်ခွဲ အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
အသက်(၃၅)နှစ်အထက်ဖြစ်ရမည်။

၂။ **Accountant** မ (၁)ဦး

**B.Com, CPA**

၃။ အလုပ်သင်အင်ဂျင်နီယာ ကျား/မ (၅)ဦး

**A.G.T.I (EP) (သို့) G.T.C (EP) (သို့) B.Tech (EP) (သို့) B.E (EP)**

လျှောက်ထားလိုသူများသည် C.V Form မူရင်း၊ (၃)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊(၃)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း(ရ–ယ–က)နှင့် ရဲစခန်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ အမှတ်စဉ်(၂)နှင့် (၃)အတွက် အသက်(၃၅)နှစ်အောက် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ လုပ်ငန်းကျွမ်းကျင်မှု၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ လစာကောင်းမွန်မည်။

**မှတ်ချက်။ ။ရာထူးအားလုံးအတွက် နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။**

**"စိုး" လျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်**
**တိုက်(၁)၊အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီး၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ချစ်ခင်လေးစားကြပါတယ်

ဦးမောင်မောင်စိုးတင့်
(အငြိမ်းစားသံအမတ်ကြီး)

သူတို့တစ်တွေဟာ နိုင်ငံပေါင်းစုံကနေမှ မြန်မာနိုင်ငံကို လာကြတယ်။ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အင်ဒိုနီးရှား၊ ဂျပန်၊ နယ်သာလင်၊ စင်ကာပူ၊ ထိုင်း၊ ယူကေ၊ အမေရိကန်ပြည်ထောင်စု၊ ဗာနေ့ဇွ၊ ဗီယက်နမ် စတဲ့နိုင်ငံတွေက လာကြတာပါ။ ကမ္ဘာမှာ နာမည်ကြီးတဲ့ တက္ကသိုလ်တွေက လာကြတာပါ။ လန်ဒန် တက္ကသိုလ်၊ ကော်နယ်တက္ကသိုလ်၊ ချီကာဂို တက္ကသိုလ်၊ မိချီဂင်တက္ကသိုလ်၊ ဩစတြေးလျအမျိုးသား တက္ကသိုလ် (ANU)၊ ဆစ်ဒနီတက္ကသိုလ်၊ ကင်ဘာရာ တက္ကသိုလ်၊ ဒါကာတက္ကသိုလ်၊ ကနေဒါနိုင်ငံ မက်ဂျီး တက္ကသိုလ်၊ ပြင်သစ် EFEOတက္ကသိုလ်၊ ဂျာမနီ ဟမ်ဘိုး တက္ကသိုလ်၊ ဂျပန် တိုကျိုတက္ကသိုလ်၊နယ်သာလင်၊လီအိဒင် တက္ကသိုလ်၊ စင်ကာပူအမျိုးသားတက္ကသိုလ်၊ တရုတ်တိုင်ပေ ဆိုချို တက္ကသိုလ်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ် အစရှိတဲ့ တက္ကသိုလ်ကြီးတွေက ပါရဂူဘွဲ့ရ ပါမောက္ခများ၊ သုတေသီများနဲ့ လေ့လာသူတွေပါ။ သူတို့တစ်တွေဟာ မြန်မာနိုင်ငံရဲ့ ရှေးရိုးဓလေ့ထုံးစံ ယဉ်ကျေးမှုတွေကို ချစ်ခင်နှစ်သက် မြတ်နိုးလေးစားကြလို့ သူတို့ လာရောက် လေ့လာဖို့နဲ့ သူတို့ မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး လေ့လာ ချက်တွေကို တင်ပြဆွေးနွေးကြဖို့ သူတို့စရိတ်နဲ့ သူတို့လာကြတာ ဖြစ်ပါတယ်။

တချို့နိုင်ငံကြီးတွေက အစိုးရတွေကတော့ သူတို့ မြန်မာနိုင်ငံကို ဒီလိုလာရောက်ကြတာကို အားမပေးကြဘူး၊ မနှစ်မြို့ကြဘူး။ ဒါကို သူတို့က ဂရုမစိုက် အလေးမထား ကြဘူး။ မြန်မာနိုင်ငံကို ချစ်ခင် လေးစားမှုက သူတို့အစိုးရရဲ့ စိတ်နေသဘောထားကို ကျော်လွှားနိုင်ခဲ့တယ်။ ဒါဟာ သမိုင်းနဲ့ ယဉ်ကျေးမှုအစဉ်အလာကြီးမားတဲ့ မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင် လုပ်လို့မရနိုင်ကြောင်း သက်သေ သာဓက ပြလိုက်တာပဲ ဖြစ်တယ်။

သူတို့က ပြီးခဲ့တဲ့ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ Conference on Traditions of Knowledge of Southeast Asiaကို စိတ်ရောကိုယ်ပါ အင်တိုက် အားတိုက်တက်ရောက်ဖို့ လာရောက်ကြတာပဲ ဖြစ်ပါတယ်။ ဒီကွန်ဖရင့်မှာ စာတမ်းပေါင်း ၄၅ စောင် တင်သွင်းဆွေးနွေး ကြတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး စာတမ်း ၃၄ စောင် ဖတ်ကြားတင်ပြကြတယ်။ ဒီစာစောင်တွေအနက် နိုင်ငံ ပေါင်းစုံက ၂၂ စောင် ပြုစုတင်ပြကြတယ်။ မြန်မာနိုင်ငံက ၁၂ စောင် တင်ပြတယ်။ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းစဉ်လာတို့ကို ဘယ်လောက်စိတ်ပါဝင်စားကြတယ် ဆိုတာ သိနိုင်တယ်။ ဒီလို သုတေသနစာတမ်းတွေ ပြုစု တင်ပြနိုင်ဖို့ သူတို့တစ်တွေ မြန်မာနိုင်ငံကို အကြိမ်ကြိမ် လာရောက်လေ့လာကြရပါတယ်။

သူတို့ စာတမ်းတွေဟာ ဘာသာရေး၊ ယဉ်ကျေးမှု အနုပညာစာပေ၊ ကရင်နဲ့ ရှမ်းစတဲ့ တိုင်းရင်းသားများ၊ တိုင်းရင်းဆေးပညာ၊ မြန်မာ့သမိုင်း၊ မြို့ပြတည်ဆောက်ပုံ၊ နတ်ကိုးကွယ်မှု၊ မြန်မာ–ထိုင်း ဆင်စီးချင်းထိုးပွဲ စတဲ့ ကဏ္ဍပေါင်းစုံကို လေ့လာတင်ပြထားပါတယ်။ မြန်မာ့ အကြောင်း သူတို့က ကျွန်တော့်ထက် ပိုမိုနားလည် သိရှိ ခံစားထားပါတယ်။ သူတို့ရဲ့ မြန်မာအပေါ် ချစ်ခင်မြတ်နိုးမှု ကို ကျွန်တော် လေးစားချီးကျူးမိတယ်။ အများသိနိုင်ဖို့ သူတို့ဆွေးနွေးတဲ့ စာတမ်းတချို့ ခေါင်းစဉ်တွေကို ဖော်ပြ ပါမယ်။

ဘာသာရေးနဲ့ ပတ်သက်လို့ ပြင်သစ်နိုင်ငံက Dr. Guy Lutreigtရဲ့ "A country modeled by Buddhist Traditions"၊ ချီကာဂိုတက္ကသိုလ်က သုတေသီ Mr. JasonArdrewCarbinen ရဲ့ "When the Thread doesn't snap"; Lineage, Continuity and Tradition from a Shewgyin Perspective စာတမ်းတွေမှာ တင်ပြထားပါတယ်။

ယဉ်ကျေးမှု အနုပညာစာပေနဲ့ ပတ်သက်ပြီးတော့ ကော်နယ်တက္ကသိုလ်က ကထိက ဒေါ်စန်းစန်းနှင်းထွန်းရဲ့ "The role of Knowledge in Myanmar Language Instruction"၊ အမေရိကန် Denision University က သုတေသီ Ms. Alexandra Greenရဲ့ The Denision University Collection of Myanmar Art "Acquisition and Analysis"၊ အမေရိကန် Stadtner & Associatesက သုတေသီ Mr. Donald M.Stadtnerရဲ့ "The Fallacy of Pyu Art"၊ ဂျာမနီ Humboldt University က Dr. Annemrie Escheရဲ့ "The Tradition of Reference Books in Myanmar and the Challenges of The present Time"၊ ဂျပန် Kinki Universityက ပါမောက္ခ Dr. Takahito Onishiရဲ့ "Harp of Myanmar and the Southeast Asian influence on the modern Japanese minds" တွေမှာ လေ့လာတင်ပြထားတာ တွေ့ရပါတယ်။

မြန်မာတိုင်းရင်းသားများနဲ့ပတ်သက်ပြီး ဂျပန် ဟီရိုရှီးမားတက္ကသိုလ်က ပါမောက္ခ Dr. Takatani Michioရဲ့ "Ethnic Identity and Knowledge of Shan"၊ ဂျပန်တိုကျိုတက္ကသိုလ်က သုတေသီ Mr. Ikeda Kazuto ရဲ့ "Various Versions of the Kayin History Knowledge of the Part among the Buddhist and Christian Kayin"နဲ့ စင်ကာပူ အမျိုးသား တက္ကသိုလ်က သုတေသီ Dr. Sun Laichenရဲ့ "Histories of Gwe, Gueo, Kui peoples in Mainland Southeast Asia" (ကွေ့ရှမ်း)တွေမှာ သူတို့ သုတေသန ပြုထားတာတွေကို တင်ပြကြတယ်။

မြန်မာတိုင်းရင်းဆေးပညာအကြောင်းကို ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒါကာတက္ကသိုလ်က ပါမောက္ခ Dr. Chowdhury Anwar Husainရဲ့ "Indigenous Medical Knowledge: Myanmar"မှာ တင်ပြထားပါတယ်။

မြန်မာ့သမိုင်းနဲ့ ပတ်သက်၍ ပြင်သစ်နိုင်ငံ Eoole desHautes Etudes en Sciences Sociales က Dr. Aurore Candierရဲ့ "Imagination and Knowledge: Some comments on rumours in the mid-nineteenth century Konbaung Court"၊ နယ်သာလင် နိုင်ငံ Leiden University က Dr. Wil O.Dijkn ရဲ့ "Life in Seventeenth Century Myanmar through Dutch Eyes"၊ ထိုင်းနိုင်ငံ Chulalongkarn University က Dr. Sunait Chutintaranondရဲ့ "The Rite of Elephant Duel in Thai-Myanmar Military History"တို့မှာ စိတ်ဝင်စားဖွယ်ရာ တင်ပြသွားကြတယ်။

ရှေးခေတ်မြို့ပြတည်ဆောက်ပုံနဲ့ ပတ်သက်ပြီး လန်ဒန် တက္ကသိုလ်က Dr. Elizabeth Mooreရဲ့ "Ancient Knowledge and use of landscape in Walled settlements in Lower Myanmar"၊ ဆစ်ဒနီ တက္ကသိုလ် က သုတေသီ Mr. Bob Hudson ရဲ့ "Myanmar's early ruban centres: Some propasals for computer mapping and analysis of archaeological data" တို့မှာ သုတေသနပြုဖော်ပြထားပါတယ်။ သူက ကျွန်တော် ပြောပြတဲ့ မင်းတိုင်ပင်ရွာအနီး ဆင်ရှင်ရွာမှာရှိတဲ့ ရှေးမြို့ဟောင်းမြို့ရိုးအဝိုင်းကို သွားရောက်ဖော်ထုတ် လေ့လာ လိုကြောင်း ပြောသွားတယ်။

နတ်ကိုးကွယ်မှုနဲ့ပတ်သက်လို့ ပြင်သစ်နိုင်ငံ CNRS ဌာနမှ Dr. Benedicte dela Perriere က "Ritual as Knowledge and its transmission concerning the Cult of the Thirty-seven Lords "စာတမ်းကို ဖတ်ကြားတင်ပြသွားတယ်။

ဒီနိုင်ငံပေါင်းစုံက သုတေသီပညာရှင်များဟာ အစည်း အဝေးခေတ္တနားပြီး ကော်ဖီသောက်ချိန်၊ နေ့လယ်စာ စားချိန် တွေမှာ စကားပြောချိန်ရကြတယ်။ သူတို့က မြန်မာနိုင်ငံ ကို တကယ်ချစ်ကြည်လေးစားကြတယ်။ နောက်ထပ်လည်း လာရောက်လေ့လာကြမယ်လို့ ပြောတယ်။ သူတို့နိုင်ငံ အသီးသီးမှာ မြန်မာ့သမိုင်းနဲ့ ယဉ်ကျေးမှု အစဉ်အလာ မြင့်မားမှုကို ဟောပြောရေးသားတင်ပြနေကြတဲ့ မိတ်ဆွေ ကောင်းများဖြစ်တယ်။ သူတို့ အစိုးရရဲ့ ပေါ်လစီ သဘော ထားက ဘယ်လိုပဲရှိရှိ မြန်မာနိုင်ငံကို ချစ်ခင်နေကြမှာသာ ဖြစ်ပါတယ်။

ဒီအချက်ကို တင်ပြလိုတဲ့အတွက် ဒီဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် သားများအနေနဲ့လည်း မိမိနိုင်ငံအတွက် ဝမ်းသာဂုဏ်ယူ ကြဖို့ တင်ပြခြင်းဖြစ်တယ်။ ကျွန်တော်တို့တစ်တွေ မိမိ နိုင်ငံအကြောင်းကို ပိုမိုသိရှိမြတ်နိုးကြပြီး ပိုမိုလေ့လာရေး သားကြဖို့ ဖြစ်ပါတယ်။

ဒီကွန်ဖရင့်မှာ မြန်မာဘက်က အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၊ ဒေါက်တာသော်ကောင်း၊ ဒေါက်တာခင် မောင်ညွန့်၊ ပါမောက္ခဦးထွန်းအောင်ချိန်၊ ဒေါ်နီနီမြင့်၊ ဒေါ်ကျော့ကျော့၊ ဦးအောင်သန်းထွန်း၊ ဒေါက်တာခင်အေး၊ ဒေါက်တာတင်စိုး၊ ဦးတင်ဝင်း၊ ဦးကျော်ဝင်းဦး၊ ဦးစိန်မြင့် တို့ကလည်း သုတေသနစာတမ်း ၁၂ စောင် ဖတ်ကြားတင် သွင်းသွားကြသေးတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေ အသက်အရွယ် ကြီးရင့်လာကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မျိုးဆက်သစ် ပညာရှင်သုတေသီတွေ ပြုစုပျိုးထောင်အား ပေးဖို့ လိုပါတယ်။

ပြီးခဲ့တဲ့နှစ်က ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုတဲ့ အနေနဲ့ "ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ ပြည်ထောင်စု" ဆောင်းပါးကို ၁၃-၂-၀၃ နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှာ ရေးသားခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ ပြည်ထောင်စုစိတ်ဓာတ်ဟာ ဘယ်နိုင်ငံနဲ့မှ မတူပါဘူး။ နိုင်ငံရေးအရရော၊ ဘာသာရေး အရရော၊ စစ်ရေးအရရော ဘယ်သူကမှ ဖန်တီးပေးခဲ့တာ မဟုတ်ပါဘူး။ တိုင်းရင်းသားအချင်းချင်း ရင်ထဲမှာ ပေါ်လာတဲ့ ချစ်ကြည်မြတ်နိုးမှုနဲ့ ဖွဲ့စည်းပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်ထောင်စု စိတ်ဓာတ်ဟာ ပထဝီမြေကြီးနဲ့တူတယ်။ မြေကြီးနဲ့မတူအောင် တူးဆွ ဖျက်ဆီးလို့မရပါဘူး။ မြင့်မားကျယ်ပြန့်တဲ့ ကောင်းကင်ကြီး နဲ့လည်း တူတယ်။ ဆေးရောင်စုံခြယ်ပြီး သရုပ်ပျက်အောင် မလုပ်နိုင်ပါဘူး။ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ကြီး ရေဝတီနဲ့လည်းတူတယ်။ မီးရှို့ဖျက်ဆီးလို့ မရပါဘူး။ ဘယ်လိုမှ ဖျက်ဆီးလို့မရပါဘူး။ ကျွန်တော်တို့ ဒီလိုပဲ ယုံကြည်တယ်။ သန္နိဋ္ဌာန်ချတယ်။ ဒီပြည်ထောင်စု စိတ်ဓာတ်နဲ့ ပြည်ထောင်စုကြီးကို ကျွန်တော်တို့တစ်တွေ ဆတက်ထမ်းပိုး ကြီးပွား တိုးတက်အောင် လက်တွဲညီညီ ကြိုးပမ်း ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်လို့ ရေးသား တင်ပြလိုက်ရပါတယ်။

ဒါဟာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကိုထာဝစဉ် ချစ်ခင် မြတ်နိုးတဲ့ စိတ်ဓာတ်နဲ့ သန္နိဋ္ဌာန်ပဲဖြစ်ပါတယ်။ ။

## မြန်အောင်မြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၉ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် သုံးထပ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများအား ပူဇော်ကန်တော့ခြင်း၊ ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သား၊ သမီးများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ရာ ဘိုးဘွားစာရင်းနှင့် ဂုဏ်ထူးရကျောင်းသူ၊ ကျောင်းသားများစာရင်းကို ဦးအေးကိုကို ၂၂၅/၂၂၇၊ပန်းဆိုးတန်း၊ ဖုန်း–၅၆၆၆၈၇၊ ဦးကိုကိုကြီး ဖုန်း–၂၉၀၈၃၆၊ ဒုတိယဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း)ဖုန်း–၁၉၇၅၄၀၊ ဒေါ်ခင်မျိုးလှ ဖုန်း–၅၄၂၆၃၀တို့သို့ ဆက်သွယ်ပေးပို့ကြရန်နှင့် အသင်းဝင်မိသားစုများနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ၊ မြို့နယ်သားမိသားစုများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

## နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ သဇင်ရေကျော်ကျောင်းတိုက် ကမ္ဘာ့ဗုဒ္ဓသာသနာပြုနယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကောလိတ(အနိုင်းမဲ့ရတနာ) အရှင်သူမြတ်သည် ပန်းတနော်မြို့နယ် ပြလင်းငွေတောင် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ခုနစ်ရက်တိုင်တိုင် သစ္စာလေးပါး နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည် ဖြစ်သည်။ (က–ပ)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၂–၂၀၀၃ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၇ရက်က ကျောင်းခန်းမတွင်ပြုလုပ်ရာ သုံးနှစ်ဆက်တိုက် ပညာရည်ချွန်ပထမဆုရရှိသူ စတုတ္ထတန်းမှ မောင်ရဲရင့်အောင်အား မြို့နယ်ပညာရေးမှူး ဦးတင်ကြွယ်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၂)

## စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် အနော်ရထာလမ်းမကြီးပေါ်ရှိ သာသနဟိတ ပရိယတ္တိစာသင်တိုက်၌ (၇)ကြိမ်မြောက် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၅ခုနှစ် တပို့တွဲ လပြည့်ကျော် ၉ ရက် မွန်းလွဲ ၁ နာရီတွင် သာသနဟိတပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။ (က–ပ)

## ဆုနှင်းသဘင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၃၆)ကြိမ်မြောက် စိန်ပန်းပရိယတ္တိ နဂ္ဂဟ ပထမပြန်စာမေးပွဲ၌ ဖြေဆို အောင်မြင်တော်မူသော ဓမ္မာစရိယ (စာချတန်း)ကျမ်းပြီးလေးပါး၊တစ်ကျမ်း အောင်တစ်ပါး၊ ပထမကြီးတန်းအောင် ၁၅ပါး၊ ပထမလတ်တန်းအောင်၂၂ပါး၊ ပထမငယ်တန်းအောင် ၃၈ ပါးတို့အား ဘွဲ့တံဆိပ်တော် အောင်လက်မှတ် ဆက်ကပ်မည့် အောင်ဆုနှင်းသဘင် ပွဲနှင့် နာယကဆရာတော်ကြီး ၂၄ ပါး၊ ကြီးကြပ်ရေး ဆရာတော် ၂၅ ပါးတို့ အား လှူဒါန်းပူဇော်ပွဲကို တပို့တွဲလပြည့် ကျော် ၁၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် စိန်ပန်း စာဖြေမဏ္ဍာလာမဏ္ဍပ်၌ ကျင်းပ မည်ဖြစ်သည်။ (က–ပ)

## နွေရာသီအင်္ဂလိပ်စာ အထူးသင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၂

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် (၆၆) ရွှေတိဂုံဘုရားလမ်း ကျားကူး ဗိမာန်ကျောင်းတိုက်ရှေ့ရှိ ASIA Language & Business Academyတွင် နွေရာသီအင်္ဂလိပ်စာအထူး သင်တန်းများအား ငါးနှစ်အရွယ်မှစ၍ လက်ခံသင်ကြားပေးမည်ဖြစ်သည်။ အတွေ့အကြုံရှိသော ဆရာ၊ ဆရာမ များက နိုင်ငံတကာ အသိအမှတ်ပြု ခေတ်မီ ထိရောက်သော သင်ရိုး ညွှန်းတမ်းဖြင့် သင်ကြားပေးမည် ဖြစ်သည်။

ကလေးများအား English Language ကို နိုင်ငံတကာ အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားမည် ဖြစ်ပြီး Assignments, Course Works and Reports များကိုလည်း ဆရာညွှန် ကြားမှုအတိုင်း Computer ဘာသာဖြင့်သာ ရေးသားပြုစုရ မည်ဖြစ်သောကြောင့် Computer ဘာသာရပ်ကိုလည်း ပို့ချပေးမည်။ ပညာရေး အထောက်အကူအဖြစ် Internet, E.mail အခမဲ့ သုံးစွဲခွင့် ပေးထားသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ တက်ရောက် လိုသူများသည် အထက်ပါလိပ်စာနှင့် ဖုန်း–၇၂၀၉၆၆၊ ၄၄၁၁၁၃ သို့ လည်းကောင်း ဆက်သွယ်စုံစမ်း စာရင်းပေး သွင်းနိုင်ပြီ ဖြစ်သည်။ (က–ပ)

## ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၂၈) ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၁၂

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုထားသော သားနေဆန်း၏ ကာတွန်းမျက်နှာဖုံးနှင့် ကာတွန်း မြင့်သိန်း၏ ကာတွန်းဇာတ်လမ်း အပါ အဝင် ဆရာသာဂဒိုး၊ မောင်နေမျိုး၊ စွာကျယ်၊ မြေဇာ၊ချစ်ကိုကိုယု၊ဖိုးဉာဏ်၊ စိန်ကတုံး၊ သုဝဏ္ဏကျော်စိန်၊ ပေရယ်၊ ကာတွန်းမြင့်စိုးလေး၊ သုတေသီ ဆရာ ငြိမ်း၊ တေးသံရှင်ကြည်အောင်၊ ကျော်ဖြိုးလွင်၊တနိုင်ခ၊ကျော်ဇော်ဟိန်း(ဒေါ်ပုံ)၊ ကိုအောင်ငွေသိန်းတို့၏ ဟာသရသ အတွေးအရေး ရုပ်ရှင်၊ဇာတ်သဘင်တို့ဖြင့် "ဟာသ"ဂျာနယ်အတွဲ(၂)၊ အမှတ်(၂၈)ကို ဝါမိုးအောင်စာပေ၊ အမှတ် ၅၂၉၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့က ဖြန့်ချီထားသည်။ (ယာပုံ) (က–ပ)

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၄)ရပ်ကွက်၊ လောပိတလမ်း၊ အမှတ်(၁၁၂၂)နေ
ဦးသောင်းမြင့် (ဝက်လက်မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ ငြိမ်း)-(ဒေါ်ရီရီသန်း)
(ဝက်လက် အထက၊ ငြိမ်း)တို့၏သား

**မောင်အောင်သူရ**
**A.G.T.I (E.C), Final Year (Philo)**
**OTIS, SINGAPORE**

**နှင့်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၃)လမ်း၊ အမှတ်(၈၂)နေ
ဦးမြင့်စိုး-ဒေါ်နီနီခင်တို့၏သမီး

**ဒေါက်တာမိုးဝါ**
**M.B.,B.S, M.Med. Sc (Anaesthesia)**
**(မေ့ဆေးအထူးကု၊ မကွေးပြည်သူ့ဆေးရုံကြီး)**

တို့၏ ၁၂-၂-၂၀၀၄ရက်နေ့ International Business Centre ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် မိတ်ဆွေအပေါင်းအသင်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်သူရ-ဒေါက်တာမိုးဝါ။**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မော်လမြိုင်မြို့၊ ဖက်တန်းရပ်(၁၄/၈)၊ ပြည်တော်သာဝင်းနေ
ဦးရန်ကင်း-ဒေါ်တင်ဝင်း(ကုန်သွယ်ရေး-၆၊ ငြိမ်း)တို့၏သားကြီး

**မောင်ဇော်မင်း B.E(Credit)Mechanical(YTU)**
**M.Sc(Mechanical)N.U.S**
**Senior Engineer (Network Engineering Pte Ltd,)Singapore**

**နှင့်**

ပခုက္ကူမြို့၊ အမှတ်(၁)ရပ်ကွက်၊ မဟာဝိဇယာရာမလမ်းနေ
ဦးညွန့်ရွှေ-ဒေါ်ဝမ်းကြည်(အထက-၂)တို့၏သမီးကြီး မလှဲ့လှဲ့ဝင်းရွှေ
(သရုပ်ပြ၊ ရူပဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)၏အစ်မ

**မလွင်လွင်ဦး B.E (Credit) Mechanical (YTU)**
**M.Eng(Thesis)National University of Singapore**

တို့၏ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးမောင်နှမများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် ဧည့်ပရိသတ်များအား လှိုက်လှဲစွာ ကျေးဇူးဥပကာယ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်မောင်ဇော်မင်း-မလွင်လွင်ဦး။**

## ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၈၆)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၃၆၅-၆၆)(၂၀၀၄)

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ပွဲတော်ကြီးကို ယခုလာမည့် ၁၃၆၅-၆၆ခု၊ တန်ခူးလဆန်း(၁၀)ရက်၊ ၃၀-၃-၂၀၀၄(အင်္ဂါနေ့)မှ တန်ခူးလပြည့်ကျော် (၄)ရက် ၈-၄-၂၀၀၄ (ကြာသပတေးနေ့)အထိ (၁၀)ရက်တိုင်တိုင်ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၂၈-၂-၂၀၀၄ရက်နေ့တွင်လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၁၄-၃-၂၀၀၄ရက်နေ့တွင်လည်းကောင်း နံနက်(၁၀)နာရီအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များသိလိုပါက ဂေါပကရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဖုန်း- ၀၅၂-၂၁၀၆၈**
**၀၅၂-၂၄၂၅၅**

## မွေးနေ့ဆုတောင်း

စိတ်ထားမြင့်မြတ်ဖြူစင်သော မိခင်ကြီး ဒေါ်မြင့်မြင့်ကြည်၏ဖေဖော်ဝါရီ(၁၃)ရက်နေ့တွင် ကျရောက်သည့် (၅၇)နှစ်မြောက်မွေးနေ့မှ နှစ်ပေါင်း(၁၂၀)တိုင် အသက်ရှည်ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ယူနီဗာစ်ကုမ္ပဏီလီမိတက်**
**ချမ်းသာဆောက်လုပ်ရေး**
**ဝန်ထမ်းများ။**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊
ကျောက်မြောင်းလမ်း၊ အမှတ်(၆၀)နေ
ဦးခင်မောင်-ဒေါ်တင်တင်အိတို့၏သား

**မောင်သန်းလွင်**
**B.Sc (Chemistry)**

**နှင့်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဘူတာရုံလမ်း၊
အမှတ်-၁၄(ဗ)နေ ဦးလှအေး-ဒေါ်မမလေးတို့၏သမီး

**မစိုးစိုးအေး B.A**
**(International Relations)**

တို့၏ ၁၂-၂-၂၀၀၄ရက်နေ့ Royal Garden ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သန်းလွင်-မစိုးစိုးအေး။**

## အများသိစေရန်ကြေညာချက်

[illegible]

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | | မှတ်ချက် |
|---|---|---|---|---|
| ၁ | [illegible] | TBN- [illegible] | [illegible] | [illegible] |
| ၂ | [illegible] | SM- [illegible] | [illegible] | [illegible] |
| ၃ | [illegible] | BLN- [illegible] | [illegible] | [illegible] |
| ၄ | [illegible] | PTNW- [illegible] | [illegible] | [illegible] |
| ၅ | [illegible] | AA- [illegible] | [illegible] | [illegible] |
| ၆ | [illegible] | TGKN- [illegible] | [illegible] | [illegible] |
| ၇ | [illegible] | PKU- [illegible] | [illegible] | [illegible] |
| ၈ | [illegible] | MLN- [illegible] | [illegible] | [illegible] |
| ၉ | [illegible] | TKA- [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | LKW- [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | BN- [illegible] | [illegible] | [illegible] |

[illegible]

**မွေးနေ့ဆုတောင်း**

[illegible]

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

မြောင်းမြမြို့၊ ကျွန်းတော်(၃)ရပ်ကွက်နေ(ဗိုလ်ကြီးမောင်မြင့်)-
ဒေါ်စန်းမြင့်(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)တို့၏တစ်ဦးတည်းသောသား

**မောင်အောင်မြင့်ဦး A.G.T.I**
**[ဒုဦးစီးမှူး၊ အမှတ်(၃၈)၊ ထွန်စက်စခန်း]**

**နှင့်**

မြိုင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ မြသီတာ(၅)လမ်းနေ
(ဦးသာခိုင်)-ဒေါ်တင်လှတို့၏သမီးထွေး

**မမိုးမိုး B.A(Geography)**
**ဓာတ်မှန်ဌာန၊ အင်းစိန်ဆေးရုံကြီး**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၂-၂-၂၀၀၄ (ကြာသပတေးနေ့)တွင် လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်မြင့်ဦး-မမိုးမိုး။**

## မွေးနေ့ဆုမွန်

မေသင်းနွယ်၏ ဖေဖော်ဝါရီလတွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် ဘဝ၏ အောင်မြင်မှု၊ တိုးတက်မှု၊ ထူးချွန်မှု များစွာကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**အစ်မကြီး-ဒေါ်စောသန်း။**





# Valentine's Day

special lucky draw Programme for all couples.

J'DONUTS

14th february 2004


## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
# သတင်းကြေညာချက်

**ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်၊**
**၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်**

၁။ ၂၀၀၄ခုနှစ်၊ မတ်လ(၁၃)ရက်မှစ၍ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက် ဝယ်ယူခွင့်ပြုပါမည်။

၂။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များအား (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကာလအတွင်း ရတနာပြပွဲကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာခန်းမ၊ မြေညီထပ်တွင် ကျောက်မျက်ရတနာများရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၃။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် ကောင်တာများရယူလိုသူများသည် ၂၀၀၄ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁-၂၀၀၄ကြေးမုံသတင်းစာ စာမျက်နှာ (၁၇)ပါ မွေးနေ့ဆုတောင်းကြော်ငြာတွင် မမြင့်မြတ်ထွန်းအစား မမြင့်မြင့်ထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။


Golden Hope Int'l Ltd.

S.E Saloon, Sprinter (86) Model, Air Con


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈က/၉၀၃၄မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ယနေ့မှစ၍(၁၅)ရက်အတွင်းကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန။ ရန်ကုန်တိုင်း။**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ျ/၅၅၃၀ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်း ခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။**ကညန၊ရန်ကုန်တိုင်း။**

## ရောင်းမည်

ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှုဇုန် အနီး (၂၄)ရပ်ကွက်၊ (40'x60')မြေနှင့် RC တစ်ထပ်လုံးချင်း 1MBR၊ 2BR၊ ကားဂိုဒေါင် အတွင်းထပ်ခိုးပါ၊ ရေ၊ မီး၊ ဖုန်း၊ ဂရန်အမည်ပေါက်။

**ဆက်သွယ်ရန်-**
**၂၅၆၉၁၂၊ ၇၂၁၃၆၃။**


NEW MOTION TRAVELS CO., LTD.

Air Bag, Airport Bus, Standard Hotel, Restaurant, Medical Care, Guide Service.

Ph : 725 799, 537 024


# အလိုရှိသည်
## (ပြည်တွင်းခွဲသာခန်းထားရန်)

အဆင့်မြင့် ဂျပန်စားသောက်ဆိုင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

| | | |
|---|---|---|
| ၁။ **ဧည့်ကြို** | | ၂ ဦး |
| ၂။ **မီးဖိုဆောင်အကူ** | (မ) | ၂ ဦး |
| ၃။ **ယာဉ်မောင်း** | (ကျား) | ၁ ဦး |

အမှတ်စဉ်အားလုံးအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်ရမည်။ စိတ်ပါဝင်စားသူများသည် အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံစာ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာနှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**LEGEND EXPRESS LIMITED**
**NAGASASKI-TEI**
**အမှတ်-၅၀(အေ)၊ ပြည်လမ်း၊ ဖမိုင်ခွဲ၊ လှိုင်မြို့နယ်။**
**Ph:538668**


ဆာနူးကြီး


**ကွယ်လွန်သူလာလ်မိုဟာမက်(ခ)ဦးခင်မောင်ကျန်ရစ်သော မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍အမွေထိန်းစာရရှိထားသူမှ အဆိုပါပစ္စည်းများအား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ရုံးချုပ်)မြို့ပြမြေယာစီမံခန့်ခွဲမှုစာရင်းနှင့်မှတ်တမ်းထိန်းသိမ်းရေးဌာနမှ မြေပုံ မြေရာဇဝင်ကူးယူရန်၊ အမည်ပြောင်းလျှောက်ထားရန် အဆောက်အအုံဟောင်း ဖြိုဖျက်၍တိုက်သစ်ဆောက်လုပ်ရန်အတွက် အမွေဆက်ခံခြင်းဥပဒေပုဒ်မ၃၀၇(၂)အရ လုပ်ပိုင်ခွင့် လျှောက်ထားကြောင်း အကြောင်းကြားစာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး(၆) ၂၀၀၀ပြည့်နှစ်တရားမကြီးမှုအမှတ်-၁၄၉**

| | | |
|---|---|---|
| **ဦးမောင်မောင်သန်း(ခ)ဘီလာလ်** | **နှင့်** | **လျှောက်ထားသူ/တရားလို** |
| **ဦးမောင်တင်** | | **လျှောက်ထားခံရသူ/တရားပြိုင်** |

ကွယ်လွန်သူလာလ်မိုဟာမက်(ခ)ဦးခင်မောင်ကျန်ရှိသောပစ္စည်းများနှင့် ပတ်သက်၍အမှုအရေးတွင် သက်ဆိုင်သူများကို သိစေလိုက်သည်။

အထက်အမည်ပါလျှောက်ထားသူက ကွယ်လွန်သူလာလ်မိုဟာမက်(ခ) ဦးခင်မောင်ကျန်ရှိရစ်သောပစ္စည်းများနှင့်ပတ်သက်၍ အမွေထိန်းလက်မှတ်ကို ၃၁-၃-၂၀၀၃ရက်နေ့တွင် ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် လျှောက်ထားသူမှ ကွယ်လွန်သူလာလ်မိုဟာမက်(ခ)ဦးခင်မောင်၏ကျန်ရှိရစ်သောပစ္စည်းအပေါ် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ရုံးချုပ်)မြို့ပြမြေယာစီမံခန့်ခွဲမှုစာရင်းနှင့်မှတ်တမ်းထိန်းသိမ်းရေးဌာနမှ မြေပုံမြေရာဇဝင်ကူးယူရန်အမည်ပြောင်းလျှောက်ထားရန်၊ အဆောက်အအုံဟောင်း ဖြိုဖျက်၍ တိုက်သစ်ဆောက်လုပ်ရန်အတွက် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇(၂)အရ လျှောက်ထားလာရာ ၎င်း၏လျှောက်လွှာကို ၂၀၀၄ခုနှစ် မတ်လ ၁၅ရက်နေ့(၁၃၆၅ခုနှစ်တပေါင်းလပြည့်ကျော်၁၀ရက်နေ့)နံနက်(၁၀:၀၀)နာရီတွင် ကြားနာစစ်ဆေးရန် ချိန်းဆိုထားကြောင်းနှင့် ဆိုခဲ့သည့်ကွယ်လွန်သူလာလ်မိုဟာမက်(ခ)ဦးခင်မောင်၏ပစ္စည်းရေးကိစ္စတွင်ပတ်သက်သူ မည်သူမဆိုအထက်ဖော်ပြပါ ရုံးချိန်း၌ ဤရုံးသို့လာရောက်ကန့်ကွက်လျှောက်ထားနိုင်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

၂၀၀၃ခုနှစ် ဒီဇင်ဘာလ(၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဒေါ်စုစုဝင်း(တ/၁၉၃၄)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။**

# ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ခနိတောရှိ မီးထိုးဆီပျက်အဆင့်ချ ရေနံချေး (၁၇၈၃၂)ဂါလန်(ပီပါခွံအပါအဝင်)အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် ချိပ်ပိတ်တင်ဒါများပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်-

| | | |
|---|---|---|
| (က) **နေ့ရက်** | - | ၁၈-၂-၂၀၀၄ |
| (ခ) **နေရာ** | - | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ခနိတော၊ အထွေထွေမန်နေဂျာရုံး |
| (ဂ) **တင်ဒါတစ်စောင်ဈေးနှုန်း** | - | ၅၀၀၀ိ/-(ကျပ်ငါးထောင်) |
| (ဃ) **တင်ဒါပိတ်မည့်ရက်** | - | ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) (၁၄:၀၀)နာရီ |

၃။ တင်ဒါတင်သွင်းသူသည်တင်ဒါဆွဲယူခွင့်စပေါ်ငွေ(၅၀၀၀၀ိ/-)(ကျပ်ငါးသိန်းတိတိ)ကို ငွေသားဖြင့်ပေးသွင်းရမည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက (၇)ရက်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

**ချိပ်ပိတ်တင်ဒါရောင်းချရေးကော်မတီ**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ခနိတော။**


BUDGET Training

MCC

MLA INTERNATIONAL
ENROLL NOW
Summer Course on English Language Proficiency Programme
(Mandarin & Basic Computer Courses are also included) MARCH, APRIL, MAY - 2004
(COMMENCING 1st MARCH 2004)
MORNING SESSION - Grade III to Grade V (8:00 AM TO 12:00 Noon)
AFTERNOON SESSION - KG to Grade II (12:30 PM TO 4:30 PM)
No. 64, Golden Valley Road, Bahan Township, Yangon, Myanmar.
Ph: 01-527006, 01-705066

MCC
Junior Management & Office Staff Training
Fax, Email

Contact Lens
ဒါ(လ်)မင်္ဂမျက်မှန်ဆိုင်
Ph : 787882, 8 : 30 AM to 7 : 00 PM

HIGH STAR POLYMER
HI-STAR
592084
708487, 642122, ext 241

"တိုက်အသစ်စက်စက်ရောင်းမည်"

Parking
220024 , 220025 , 220026

## အမည်ပြောင်းခြင်း

ဦးထွန်းရွှေ၏သား မောင်ကျော်လှိုင် (VIII.A) အထက(၁)၊ သံတွဲအား မောင်ကျော်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်နိုင်။**

## အမည်ပြောင်းခြင်း

